မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

Viglacera အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်း၌ကျင်းပ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်းအနီး ဂျိုးဖြူလမ်းရှိ Viglacera အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ Viglacera Cooperation General Director, Mr. Nguyen Anh Tuan နှင့် Shine Group of Companies ဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က Viglacera အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စိုက်ပျိုးအောင်မြင်နေသော မိုးကောင်းမြို့နယ် တောင်နီကျေးရွာမှ ဂျုံစိုက်ခင်း

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံ – သတင်းထောက်မျိုးအောင်(မိုးညှင်း) ➤

နေပြည်တော် ဇွန် ၁၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် တောင်နီကျေးရွာတွင် ဂျုံသီးနှံများ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့ တောင်နီကျေးရွာသို့ ခရီးဆန့်ခဲ့သည်။

ကချင်ပြည်နယ်တွင် ယခင်က မိုးစပါးအပြီး သီးထပ်သီးနှံအဖြစ် နွေစပါး၊ မြေပဲ၊ ပဲပုပ်စသည့် ပဲမျိုးစုံ၊ နေကြာနှင့် ဖရဲသီးတို့ကို အများအပြား စိုက်ပျိုးကြသော်လည်း ဂျုံသီးနှံကို စိုက်ပျိုးသူ အနည်းငယ်သာ ရှိခဲ့သည်။

ယခုမူ မိုးစပါးအပြီး သီးထပ်သီးနှံအဖြစ် ဂျုံသီးနှံကို တောင်နီကျေးရွာရှိ တောင်သူများကမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရယူ စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းပြီးအောင်မြင်သဖြင့် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

မိုးကောင်းမြို့နယ် တောင်နီကျေးရွာတွင် အောင်မြင်နေသော ဂျုံသီးနှံများကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်။ (စာ–၁၁)

ပရိသတ်အားပေးမှု အရှိဆုံး ဟောလိဝုဒ်မင်းသမီး မီဂန်ဖော့စ်။ (စာ–၁၀)

ဝက်(စ်)လေ့ရှ်နိုက်ဒါ အင်တာမီလန်၌ ဆက်ကစားမည်။ (စာ–၁၀)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁၃ ရက်)

ပြည်တွင်း၊ ပြည်ပလေကြောင်းသွားလာရေးလုပ်ငန်းအောင်မြင်ရေး လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်

ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ဆက်သွယ်ဆက်ဆံမှုများ တိုးတက်များပြားလာလျက်ရှိသည်။ ယင်းသို့ ဆက်သွယ်ဆက်ဆံမှုတွင် မြန်မာနိုင်ငံလေကြောင်းနယ်နိမိတ်အတွင်း ဖြတ်ကျော်ပျံသန်းလျက်ရှိသည့် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ပြည်တွင်းလေဆိပ်များသို့ ဆင်းတက်ပျံသန်းလျက်ရှိသော ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ခုအဖြစ်ပါဝင်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ အချက်အလက်နှင့် နောက်ဆက်တွဲပါ သတ်မှတ်ချက်နှင့် ကတိကဝတ်များကို လိုက်နာကျင့်သုံးလျက် ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၂ ဒသမ ၇ သန်းအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ တစ်နှစ်လျှင် ခရီးသည် နှစ်သန်းကျော် ဝင်ရောက်လျက်ရှိရာမှ ခရီးသည် ၃ ဒသမ ၈ သန်းအထိ ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဖြစ် အဆင့်မြှင့်တင်တိုးချဲ့မည် ဖြစ်သည်။ တိုးချဲ့ရာ၌ ပြည်တွင်းလေကြောင်းသွားလုပ်ငန်းများကိုပါ ဆက်စပ်၍ အဆင့်မြှင့် တိုးချဲ့သွားမည်ဖြစ်သည်။

ယင်းသို့ တိုးချဲ့ဆောင်ရွက်ရာ၌ နိုင်ငံတကာခေတ်မီလေဆိပ်တစ်ခုကဲ့သို့ ဝန်ဆောင်မှုများ ပြည့်စုံကောင်းမွန်နေရန်၊ လေဆိပ်အဆောက်အအုံများ ကောင်းမွန်ရန်၊ စီမံခန့်ခွဲမှုအပိုင်း၊ ဝန်ဆောင်မှုအပိုင်း၊ လုံခြုံမှုအပိုင်း၊ ဆက်ဆံမှုအပိုင်း စသည့်ကဏ္ဍများတွင် စနစ်တကျ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။

လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းကမ်း၊ နည်းလမ်းများနှင့်အညီ မြန်မြန်ဆန်ဆန် စနစ်တကျဆောင်ရွက်သွားပါက ခရီးသည်များအတွက် မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုများမရှိဘဲ ဝန်ဆောင်မှုများအပေါ် ကျေနပ်နှစ်သက်မှုများကို ပိုမိုရရှိမည်ဖြစ်ပြီး လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အောင်မြင်လာမည် ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ တိုးတက်များပြားလာခြင်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အကျိုးဖြစ်ထွန်းစေပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို တိုးတက်မြင့်မားလာစေမည်ဖြစ်ရာ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများ လှည်းကူးမြို့နယ်၌ ဟောပြောဆွေးနွေး

လှည်းကူး ဇွန် ၁၂

ဝက်နားရွက်ပြာရောဂါအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက လှည်းကူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာရောဂါဆိုင်ရာ သိကောင်းစရာများနှင့် ကာကွယ်ထိန်းချုပ်ရန် နည်းလမ်းများ၊ လိုက်နာရမည့် ဇီဝလုံခြုံမှုဆိုင်ရာ အချက်များကို မှာကြားသည်။

(အပေါ်ပုံ)

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဆန်းက ဝက်နားရွက်ပြာ ရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝက်ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်မှုဆောင်ရွက်သည့် လုပ်ငန်းစဉ်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် မွေး/ကု)

ကာကွယ်ဆေးတိုက်ကျွေး

ပခုက္ကူမြို့နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) အခမ်းအနားကို ဇွန် ၁၁ ရက်က ပခုက္ကူမြို့ အမှတ် (၄) ရပ်ကွက် အမက (၁၁)ကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အသက်ငါးနှစ်အောက် ကလေးငယ်များအား အမျိုးသားကာကွယ်ဆေး တိုက်ကျွေးစဉ်။ (၁၀၂)

မြောင်းမြလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရုပ်မြင်သံကြားပြစက် လှူဒါန်း

မြောင်းမြ ဇွန် ၁၂

မြောင်းမြခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မြောင်းမြမြို့လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရုပ်မြင်သံကြားပြစက်နှင့် EVD ပြစက် တစ်စုံပေးအပ်လှူဒါန်းပွဲကို ဇွန် ၇ ရက် နံနက် ၈ နာရီက လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာထွန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နော်ကောဖောစိန်နှင့် အမှုဆောင်များက ရုပ်မြင်သံကြားဖမ်းစက်နှင့် EVD ပြစက်တစ်စုံကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)

(ခရိုင် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဇွန် ၇ ရက်က သိန်းနီမြို့ ရေပေးရေးအတွက် ငါးဆင့်ကန် ပိုက်လိုင်းအသစ် လဲလှယ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေလူ့မိတ်ဆွေ

ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်နည်း တိုက်ကြီး၌သရုပ်ပြ

ရန်ကုန် ဇွန် ၁၂

စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရန် သိပ္ပံနည်းကျပျိုးပေါင်ဖြင့် ပျိုးထောင်မျိုးစေ့ချခြင်းသရုပ်ပြပွဲကို တိုက်ကြီးမြို့နယ် ဥတိုကျေးရွာ ဒေါ်စန်းစန်းကြည်၏လယ်၌ ဇွန် ၉ ရက် နံနက်က ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်းက ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပါက မျိုးစေ့နှုန်းသက်သာ၍ ပင်ပွားပိုမိုရရှိကာ အထွက်နှုန်းပိုကြောင်းနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

အဆိုပါ သရုပ်ပြပွဲတွင် တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်မှ တောင်သူလယ်သမားများက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရအားကစားသမားများ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇွန် ၁၂

ချီးကျူးဂုဏ်ပြုထိုက်သည့် ထူးချွန်ထက်မြက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ယခုကဲ့သို့ ချီးကျူးဂုဏ်ပြုခြင်းဖြင့် ခွန်အားသစ်များရရှိရန်ရည်ရွယ်၍ ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ထူးချွန်သူများသည် နောင်ကာလများတွင် ယခုထက်ပိုပြီး ထူးချွန်ထက်မြက်ကာ ဝန်ကြီးဌာန၏ဂုဏ်၊ နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပညာရည်ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၄င်းတို့၏ဇနီးများက တစ်ဘာသာ၊ နှစ်ဘာသာ၊ သုံးဘာသာနှင့်လေးဘာသာ ဂုဏ်ထူးရှင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းက ငါးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့က ခြောက်ဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးဌာနအဆင့် သင်တန်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများ၌ ထူးချွန်ဆုရအရာထမ်း/အမှုထမ်းများ၊ အမျိုးသားအဆင့်၊ ဝန်ကြီးဌာနအဆင့် ဆုရအားကစားသမားများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဇနီး ဒေါ်ခင်သန်းဝင်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းသန်းတို့က အမျိုးသားအဆင့်အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

လက်ခံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများကိုပေးအပ်ကြရာ လုပ်ငန်းဌာနအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ခုနှစ်ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရ အားကစားသမားများအားဂုဏ်ပြုဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့်တစ်ဘာသာ ဂုဏ်ထူးရှင် ၃၈ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၅ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး စုစုပေါင်း ထူးချွန်ကျောင်းသားကျောင်းသူ ၉၈ ဦး၊ ဝန်ကြီးဌာနအဆင့် သင်တန်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရ အရာထမ်း/ အမှုထမ်း ၁၅ ဦးနှင့် အောင်ပွဲရ အားကစားသမား ၆၁ ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁ခုနှစ် ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆုနှင့် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Hoang Trung Hai၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ်ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က အရောင်းပြခန်းနှင့် ဌာနေကိုယ်စားလှယ် ရုံးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အရောင်းပြခန်းအတွင်းရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံထုတ် အိမ်အလှဆင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တက်ရောက်

ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (Myanmar -Vietnam Business Exchange) သို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV-Bank for Investment and Development of Vietnam) နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအသင်း (AVIM- Association of Vietnamese Investors in Myanmar) ဒါရိုက်တာအဖွဲ့ဝင် Mr. Le Dao Nguyen က စီးပွားရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ UMFCCI တွဲဖက်အတွင်းရေးမှူး ဦးမိုးကျော်က မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး BIDV နှင့် AVIM ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌ Mr.Tran Bac Ha တို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။**(အပေါ်ဝဲပုံ)**

ဆက်လက်၍ Bac Viet Steel Group (Vietnam) နှင့် Golden Wealth (Myanmar) တို့မှ တာဝန်ရှိသူများသည် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ Universal Link Services Co.,Ltd. နှင့် Golden Import Export Consultancy & Trade Promotion Co.,Ltd. တို့မှ တာဝန်ရှိသူများသည် နားလည်မှုစာချွန်လွှာကိုလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။

ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များသည် အုပ်စုများခွဲ၍ စီးပွားရေးလုပ်ငန်းများအလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မောင်တောခရိုင် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် တံတားအမှတ်(၁/၁၅) မြို့ဝင်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၌ တာဝန်ရှိသူများအား မြို့ရေပေးဝေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် မောင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သီရိမင်္ဂလာခန်းမ၌ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မောင်တောမြို့ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံများပေးအပ်၍ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အမှာစကားပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ပြိုလက်ဝဲမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ကြိမ်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသည့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံ

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေးဆိုင်ရာ ကဏ္ဍများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် ဘူးသီးတောင် မြို့မဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀	၉။	**မီးမီးရဲ့ဆုံးဖြတ်ချက်**
၈:၄၀	၁၀။	**International News**
၈:၄၅	၁၁။	တေးဂီတအစီအစဉ်
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၂၀	၃။	တေးဂီတအစီအစဉ်
၄:၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာ၊စီးပွားစီမံ အထူးပြုများ) (စီးပွားရေးပညာ)
၄:၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၂၅	၇။	မြန်မာစာ၊ မြန်မာစကား
၅:၃၅	၈။	**မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀	၉။	ညနေခင်းသတင်း
၆:၁၅	၁၀။	မိုးလေဝသအခြေအနေ
၆:၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၉)
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**ကမ္ဘာကျော်သရုပ်ဆောင်များ**
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၅)
	၁၈။	အစီအစဉ်ပြီး၏။

13-6 (03).pmd 1 6/13/2011, 2:24 AM

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ရှမ်းပြည်နယ်၌ ဒုတိယအကြိမ် ကျင်းပ

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ် ဒုတိယအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီးနှင့် ပြည်နယ်ဝန်ကြီးများက (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး၍ **(အပေါ်ပုံ)** ကစားစရာအရုပ်များ ဝေငှပေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့မရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ လည်းကောင်း၊ ရေအေးကွင်းရပ်ကွက်ရှိ အုပ်ချုပ် ရေးမှူးရုံးခန်းမရှေ့၌လည်းကောင်း (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး၍ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲ ထန်းတပင်မြို့နယ်၌ကျင်းပ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီးထန်းတပင် မြို့နယ် ရခိုင်ရိုးကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၅ ရက်က အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အလှူရှင်များ ကိုယ်စား ဦးသန်းစိန်ကျောင်းဆရာကြီး (ငြိမ်း)က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်စိုးမိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းညွန့်က မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ထံ လွှဲပြောင်းပေးအပ်ကာ ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဦးကျော်တင့်၊ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီနှင့် မတည်အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ဝ၄၈)**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အမြို့မြို့အနယ်နယ်တွင် ဆောင်ရွက်

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကြာအင်းဆိပ်ကြီးမြို့ မြို့ပေါ်ကျောင်းများတွင် မေ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို ဦးဆောင်၍ စည်ပင်နှင့်ကျန်းမာရေးဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးစောဆာလောလ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသက်နိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဇွန် ၄ ရက်က ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် မြို့မဈေးကြီးတွင် ဇွန် ၁ ရက်က ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်းမြို့ အထက(၂)တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဒေါက်တာလှမင်း၊ မိဘဆရာအသင်းမှ ဦးပီတာနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဝဏ္ဏထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၈၂)

အိမ်မဲမြို့နယ် အထက်ပိုင်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးကျော်စိုး၏ ကြီးကြပ်မှုဖြင့် ဇွန် ၁ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပညာသင်ထောက်ပံ့ကြေး

မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပညာသင်ယူကြမည့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ဇွန် ၅ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငြိမ်းထွေးကကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

အိမ်တွင်းမှုသက်မွေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၂

ဗဟန်းမြို့နယ် အမှတ် (၁၃၅) ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၃/၂၀၁၁) သင်တန်းဆင်းပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက အမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းတိုင်းဦးစီးမှူးနှင့် ကျောင်းအုပ်တို့က သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အပတ်စဉ်(၄/၂၀၁၁) သင်တန်းကို ဇွန် ၁၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ သိုးမွေး၊ ကျားရုပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ၊ ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စင်တီမီတာစက်ချုပ် သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းပွင့် ပန်းခိုင်ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး၊ ပန်းအလှပြင် သင်တန်းများဖွင့်လှစ်ကာ (စနေ-တနင်္ဂနွေ) သင်တန်းများကို ဇွန် ၁၈ ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေမည်

ရန်ကုန် ဇွန် ၁၂

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)မှ နှစ်ပတ်လည်မဂ္ဂဇင်း အမှတ်(၃) ၂၀၁၁ကို ထုတ်ဝေမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ မြင်းခြံနယ်သားများနှင့် စာပေပညာရှင်များအား စာမူများပေးပို့ရန် ဖိတ်ခေါ်ထားပြီး စာမူများကို ဦးမောင်မောင် (အသင်း ဒုတိယဥက္ကဋ္ဌ) အမှတ် ၁၅၀၊ သိမ်ဖြူလမ်း (၉)ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၂၆၈ သို့ လိပ်မူ၍ ဇူလိုင်လ ၃၁ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဒုတိယဗိုလ်မှူးကြီးကျော်ရင် (ငြိမ်း)ဖုန်း-၀၁-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၀၁-၅၇၀၄၉၂နှင့် ဦးထိန်လင်း ဖုန်း-၀၁-၉၆၉၉၇၉၁ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တောင်နီကျေးရွာ ဂျုံခင်းမှ အရည်အသွေးကောင်း ဂျုံစေ့များကို ဤသို့ တွေ့မြင်ရသည်။

■ ရွှေဖုံးမှ

တောင်နီကျေးရွာတွင် အိမ်ခြေ ၅၁၅လုံးရှိပြီး မင်းရာဇာဟူသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ထူထောင်ဖွင့်လှစ်လျက် ကျေးရွာပြည်သူများ စာဖတ်ခြင်းဖြင့် အသိပညာအလင်းဖွင့်နိုင်ရန် ကြိုးပမ်းနေကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူများပူးပေါင်းပြီး စိမ့်စမ်းရေသွယ်ကာ သန့်ရှင်းသော သောက်သုံးရေများကို ရယူသုံးစွဲနေကြသည်။ ကိုယ့်အားကိုယ်ကိုး ဖွဲ့မီးစက်မှရယူသော လျှပ်စစ်ဓာတ်အားမှာလည်း စွမ်းအားပြည့်လင်းလျက် ရုပ်မြင်သံကြားမှ သုတရသ အစီအစဉ်များကို ရှုမြင်ခံစားနိုင်ကြပြီဖြစ်ရာ တောင်နီစံပြကျေးရွာဟုပင် ခေါ်ဆိုထိုက်သည်။

မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဒေါ်ထွေးသန်းက မိတ်ဆက်ပေးခြင်းဖြင့် တောင်နီကျေးရွာနေ ဦးဘမြင့်၏ နေအိမ်တွင် စံပြဂျုံစိုက်ပျိုးကြသူ ဦးဘမြင့်၊ ဦးဝင်းအောင်၊ ဦးဆန်းဦးနှင့် ဦးညီစိုးတို့ကို ရင်းနှီးစွာ တွေ့ဆုံခွင့် ရခဲ့သည်။

ဦးဘမြင့်က ***"ဂျုံကိုယခင်ကဒေသဂျုံမျိုးစေ့နဲ့သာ စိုက်ပျိုးခဲ့ပါတယ်၊ ဒီနှစ်မှာတော့ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဂျုံမျိုးကောင်းမျိုးသန့်တွေနဲ့ စံပြဂျုံစိုက်ခင်းအဖြစ် စုစုပေါင်း ၁၀ ဧကကို စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်"*** ဟု ရှင်းလင်းပြောကြားသည်။

တဲ့အခါ ဂျုံစေ့တစ်ဧကတင်း ၂၀ ထွက်ရှိခဲ့ပါတယ်" ဟု ပြောပြသည်။

တောင်သူ ဦးဝင်းအောင်ကလည်း ***"စိုက်ပျိုးခဲ့တဲ့ ဂျုံကို ရိတ်သိမ်းတဲ့အခါ အချို့ဂျုံစိုက်ခင်းက တင်း ၂၀ အထိ ထွက်ရှိခဲ့ပါတယ်၊ ထွက်ခြေကိုက်ပါတယ်၊ လာမယ့်နှစ်မှာ တိုးချဲ့စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်"*** ဟု ပြောပြသည်။

အထွက်ကောင်း

ရပ်မိရပ်ဖတစ်ဦးဖြစ်တဲ့ တောင်သူ ဦးဆန်းဦးကတော့ ***"ဂျုံတွေ အောင်အောင်မြင်မြင် သီးနေတာ ကြားသိကြတဲ့ ပတ်ဝန်းကျင်ရွာတွေက စိတ်ဝင်တစားလာရောက် ကြည့်ရှုလေ့လာကြတာ အားရစရာပါပဲ၊ အတွေ့အကြုံ***

စိုက်ပျိုးမှုအနေအထား အတွေ့အကြုံကို ရှင်းလင်းပြောပြသည်။

ညှိနှိုင်းစီစဉ်

"စိုက်ပျိုးရေးဌာနက ဂျုံမျိုးစေ့ကို မုံရွာမြို့နယ်မှ မျိုးကောင်းမျိုးသန့်ဝယ်ယူပြီး တောင်နီမှာ စိုက်ပျိုးနိုင်ဖို့ ကူညီပေးခဲ့ပါတယ်။ ဂျုံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး လိုအပ်ချက်ဖြစ်တဲ့ နည်းပညာနဲ့လည်း ကြီးကြပ်ဆောင်ရွက်ကူညီပေးခဲ့ပါတယ်။ လာမည့်မိုးစပါးရာသီအပြီးမှာ ဂျုံစိုက်ပျိုးကြမယ့် တောင်သူတွေအတွက် အထွက်တိုး ဂျုံမျိုးကောင်းမျိုးသန့်တွေ အလုံအလောက်ရရှိနိုင်ဖို့ ယခုအချိန်ကစတင် ညှိနှိုင်းစီစဉ်လျက်ရှိပါတယ်" ဟု မြို့နယ်မန်နေဂျာ ဒေါ်ထွေးသန်းက ပြောပြသည်။

ဂျုံခင်းများမှ ဂျုံသီးနှံများကို တောင်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေကြစဉ်။

ဂျုံစိုက်ပျိုးမှုနှင့် စပါးအထွက်နှုန်း၊ ဂျုံအထွက်နှုန်း အခြေအနေကို ဦးဘမြင့်အားမေးမြန်းရာ ***"ကျွန်တော် ဂျုံစိုက်ခဲ့တဲ့လယ်မြေကတော့ လေးဧကကျော် ဖြစ်ပါတယ်။ မိုးစပါး ဆင်းကေရီ-၃ကို စိုက်ပျိုးခဲ့ရာမှာ တစ်ဧကပျမ်းမျှ တင်း ၈၀ ထွက်ရှိခဲ့ပါတယ်။ ဂျုံမျိုးကောင်း မျိုးသန့်ကို စိုက်ပျိုးခဲ့တော့ ဒီနှစ်ဂျုံ ရိတ်သိမ်းခြွေလှေ့ပြီး အရ ပြောရရင် ဒေသအတိုင်းအတာအနေနဲ့ ဂျုံအထွက်ကောင်းခြင်း၊ ဂျုံစေ့အရည်အသွေး ကောင်းခြင်း၊ ဈေးကွက်ကောင်းခြင်း၊ စိုက်ပျိုးရာမှာ ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် လာမယ့် မိုးစပါးအပြီးမှာ သီးထပ်အဖြစ် တောင်နီကျေးရွာ အုပ်စုမှာ ဂျုံဧက ၁၀၀ ကျော်အထိ စိုက်ပျိုးကြမှာ ဖြစ်ပါတယ်"*** *ဟု ဂျုံ*

ယခုအခါ မိုးကောင်းမြို့နယ်မှ တောင်နီကျေးရွာရှိ တောင်သူများသည် စပါးသီးနှံအပြင် ဂျုံသီးနှံကို စီးပွားဖြစ်စိုက်ပျိုးခဲ့ရာအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကျေးရွာရှိတောင်သူများ၏ လူမှုစီးပွားဘဝမှာလည်းမြင့်မားလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ
မင်္ဂလာဒုံမြို့ အထက (၅)၌ ကျင်းပ

ရန်ကုန် ဇွန် ၁၂

မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မြတ်ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုး၊ ကျောင်းအုပ်ဆရာကြီး ဦးဝေမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မယုဇင်ဇင်နိုင်အား ကျောင်းအုပ်ဆရာကြီး ဦးဝေမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့် (နယူးရွှေစင် - စိန်ရွှေရတနာဆိုင် ပိုင်ရှင်)တို့က ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ(နယူးရွှေစင်-စိန်ရွှေရတနာဆိုင် မိသားစု)က ခြောက်ဘာသာတစ်ဦး၊ ငါးဘာသာ နှစ်ဦး၊ လေးဘာသာ ခုနစ်ဦး၊ သုံးဘာသာ ၁၀ ဦး၊ နှစ်ဘာသာ ၁၀ ဦး၊ တစ်ဘာသာ ၂၃ ဦးနှင့် ဂုဏ်ထူးရှင်စုစုပေါင်း ၅၃ ဦးတို့အား ဆုများ ဆက်လက်ချီးမြှင့်ပြီး မူလတန်းကျောင်းသား ကျောင်းသူလေးများအား ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ပညာရေး)

(အပေါ်ပုံ)

❖ *ကျော့ဖုံးမှ*

သူငယ်ချင်းများ၊ မိသားစုဝင်များနှင့်အတူ (၁၈) နှစ်ပြည့်မွေးနေ့ ကျင်းပချိန်တွင် ကမ္ဘာ့အရုပ်အပုဆုံးလူသားအဖြစ် အသိအမှတ်ပြု ဂင်းနက်စ်မှတ်တမ်းကို ပေးအပ်ခဲ့သည်။

ပြုစုစောင့်ရှောက်

ဂျန်ရေးဘာလောရင်းသည် ယခင်က ကမ္ဘာ့အရုပ်အပုဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ထားသော နီပေါမှ ခါဂျန်ဒရာသာပါမာဂါထက် ခုနစ်စင်တီမီတာ အရပ် ပိုနိမ့်ကြောင်း သိရသည်။ သူသည် မတ်တတ်ရပ်ခြင်းနှင့် လမ်းလျှောက်ခြင်းတို့အတွက် အခက်အခဲရှိကြောင်း၊ ယင်းမှာ အသက် နှစ်နှစ်အရွယ်ကပင် ခန္ဓာကိုယ်ကြီးထွားမှု ရပ်ဆိုင်းသွားခဲ့ကြောင်း ၎င်း၏ဖခင်က ပြောကြားသည်။ သို့သော် လမ်းလျှောက်နိုင်ခြင်း၊ မတ်တတ်ရပ်ခြင်းတို့တွင် အခက်အခဲရှိသော်လည်း မိသားစုဝင်များက သီးသန့်ထားရှိကာ ဘေးအန္တရာယ်ကင်းအောင် ဝိုင်းဝန်းပြုစုစောင့်ရှောက်ထားခဲ့ကြသည်။

ပြောကြား

ကမ္ဘာ့အရုပ်အပုဆုံးလူသားအဖြစ် မှတ်တမ်းတင်အသိအမှတ်ပြုပေးခဲ့ကြသူများနှင့် ကမ္ဘာ့ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဂျန်ရေးဘာလောရင်း၏ ဖခင်ဖြစ်သူက ပြောကြားသည်။ တစ်ဖန်မွေးနေ့ကိတ်ပေါ်ရှိ ဖယောင်းတိုင်များကို မှုတ်ပြီးနောက် မိမိ၏အသက်ရှင်သန်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ကမ္ဘာ့အရုပ်အပုဆုံးလူသား ဂျန်ရေးဘာလောရင်းက ပြောကြားသည်။ ၎င်းအပြင် ညီအစ်ကိုမောင်နှမ သုံးဦးရှိရာ အားလုံးပုံမှန် ခန္ဓာကိုယ်ကြီးထွားမှုရှိကြောင်း သိရသည်။ ။

(အင်တာနက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မုံရွာမြို့နယ် မြို့သစ်ရပ်ကွက်ရှိ အောင်ဇေယျလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းအကြား အရှည် ၁၄၃၅ ပေ၊ အကျယ် ၁၄ ပေရှိ အောင်မြေလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် ၇ လမ်းနှင့် အင်ကြင်းလမ်းထောင့်တွင် ကွန်ကရစ်ရေမြောင်း လုပ်ငန်းကို မေ ၂၃ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စုစုအောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (ဝဗဗ)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများရေမြောင်း ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုကို မေ ၆ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောက်ဦးမြို့နယ် မြောက်ဦး-ပိုးဖြူကျွန်း ကိုယ့်အားကိုယ်ကိုး ကျေးလက်လမ်းပြုပြင်နေမှုကို မေ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးချစ်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် အမှတ်(၁)ရပ်ကွက် ဆားပွက်ချောင်းတံတားပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ အမှိုက်များရှင်းလင်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် သိန်ရင်တမံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး သိန်ရင်တမံတည်ဆောက်ရေးစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

မုံရွာခရိုင် အရာတော်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းတွင် အရာတော်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး တာဝန်ရှိသူများက ကျွန်း၊ တမာ၊ ကုက္ကို၊ မဲဇလီနှင့် စိန်ပန်းပင်များကို စိုက်ပျိုးပေးကြသည်။

တွေ့ဆုံ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အရာတော်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ ကွင်းအမှတ် ၀၃၅ ရှိ ရက် ၁၂၀စပါး ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွာသာကြီး ကျေးရွာအနီး မိုင်တိုင်အမှတ် (၄၀/၀)မှ(၄၀/၂)အထိ စိုက်ပျိုးသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကာ ရွှေဘိုလမ်းပိုင်း မိုင်တိုင်အမှတ် (၄၇/၀)မှ (၇၀/၀) အတွင်း ရွှေတောင်ဖွံ့ဖြိုးရေး ကုမ္ပဏီက လမ်းများ ပြုပြင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေဘိုဒီဂရီကောလိပ်ဝင်းအတွင်းရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးပေးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သစ်ပင်များ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရွှေဘိုမြို့၌ (၂၃၀) KV (၆၀) MPA ဓာတ်အားခွဲရုံ ဆောက်လုပ်မည့် မြေနေရာနှင့် မုံရွာ စက်မှုဇုန်ခွဲ ရွှေဘိုရှိ ငွေကြယ်ဆောက်လုပ်ရေးအလုပ်ရုံ၏ Steel Structure သံပေါင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုမြို့၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးကာ ရွှေဘိုမြို့ ရွှေဘုံရတနာနန်းတော်ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေကြသည့် လူနာများအား တွေ့ဆုံ အားပေးသည်။

ပေးအပ်

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်၊ စာစောင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သိန်ရင်တမံ တည်ဆောက်ရေးစီမံကိန်းနှင့် ကျွန်းလှမြို့နယ် သဖန်းဆိပ် ရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက် အမှတ် (၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ယင်းနောက် ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာရှိ တောင်သူဦးဇော်မင်းထွန်း၏ အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းစပ်မျိုး(၁) နေကြာစိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဆီဖူလုံမှုအထောက်အကူဖြစ်စေမည့် တစ်ဧက တင်း ၅၀တွင် ဆီပိဿာ ၂၀၀ ထွက်ရှိမည့် နေကြာစပ်မျိုးများကို တောင်သူများကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာအောင်စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ မိတ္ထီလာကန်အတွင်း ရေဝင်ရောက်မှု၊ မင်းလှညောင်ရမ်းကန်များသို့ ရေကူဖြန့်ဖြူးပေးမှုနှင့် ကန်ရေပြည့် ရေသိုလှောင်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့ စက်မှုလယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းအမှတ်စဉ် (၂/၂၀၁၁)သို့ တက်ရောက်သင်ကြားနေကြသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ မြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း (၁၇)ရွာမှ သင်တန်းသား (၄၁)ဦးတို့အားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းကာလအတွင်း ထွန်စက်ကြီးအမျိုးမျိုး၊ ထွန်စက်ငယ်အမျိုးမျိုး၊ လက်တွန်းထွန်စက်အမျိုးမျိုး၊ ကောက်စိုက်စက်၊ စပါးရိတ်စက်၊ စပါးခြွေစက်စသည့် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို လက်တွေ့လုပ်ငန်းခွင်၌ ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်ပြုပြင် ထိန်းသိမ်းနိုင်ရန် စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ပြန်လည်အသုံးချ

သင်တန်းမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရပ်များကို မိမိဒေသ၏ စက်မှုလယ်ယာကူးပြောင်းရေး ဆောင်ရွက်မှု လုပ်ငန်းရပ်များတွင် ပြန်လည် အသုံးချသွားနိုင်ရမည် ဖြစ်ကြောင်း။

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးပြီး ကျေးလက်တောင်သူများ လူနေမှုဘဝ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သင်တန်းသားများ၏ လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းမှု၊ စာတွေ့လက်တွေ့ သင်ကြားသင်ယူနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်(ရေငယ်)-မိုးကုတ်လမ်း ဖောက်လုပ်နေမှု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဇွန် ၆ ရက် နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်(ရေငယ်)-မိုးကုတ်လမ်းဖောက်လုပ်ရေး မိုင်တိုင်အမှတ် (၇၉)ရှိ လယ်ကြီးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကတ္တရာခင်းပြီး

အဆိုပါ ပြင်ဦးလွင်(ရေငယ်)-မိုးကုတ်လမ်းမှာ အရှည် ၈၃ မိုင် ၄ ဖာလုံရှိသည့်အနက် မိုင် ၄၀ ၁ ဖာလုံကို ကတ္တရာခင်းပြီးစီး၍ ၁၈ မိုင် ၂ ဖာလုံကို ကျောက်ခင်းပြီးစီးကာ ၂၅ မိုင် ၁ ဖာလုံကို မြေသားလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မိုးကုတ်မြို့နယ် ကျပ်ပြင်တိုက်နယ်ဆေးရုံ၊ ကျပ်ပြင် အခြေခံပညာအထက်တန်းကျောင်းနှင့် ကသဲအုပ်စု ရေဦးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇွန် ၇ ရက် နံနက် ၁၁ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်နှင့် မြို့နယ်ခွဲအဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် (၂၅) ခုတင်ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန ဆင်မွေးပျိုးဥယျာဉ်၌ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်စသည့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျွန်းမျိုးစေ့များ စုဆောင်းပြီး ကျွန်းပင်ပေါက်များကို လာမည့်နှစ်တွင် ယခုထက် ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်စီမံထားရန်၊ ပျက်စီးသွားသည့်အပင်များ အစားထိုးစိုက်ပျိုးသွားရန်နှင့် နှစ်အလိုက် မူလစီမံချက်အပြင် တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သစ်ပင်စိုက်ပျိုးမှုကို ယခုနှစ်မှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျေးရွာတိုင်း၊ မြို့တိုင်း တိုင်းဒေသကြီး တစ်ခုလုံး အမြဲစိမ်းလန်းနေစေရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းနိုင်က ကျောင်းသူတစ်ဦးအား စာရေးကိရိယာနှင့် ပညာသင်စရိတ်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေဝင်း အမက(၁၈)မှ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၃၀ ရက်က ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ထောက်ပံ့ငွေကျပ် တစ်သိန်းရှစ်သောင်းကျော်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)



ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းသားသမီးများအား ရွှေထယ်ကုမ္ပဏီမှ ၂၀၁၁-၂၀၁၂ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၁ ရက်က စစ်တွေမြို့ အမှတ် (၇၂) ထွန်စက်စခန်း၌ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းက ထောက်ပံ့ငွေကျပ် ၈၄၀၀၀ကို ဝန်ထမ်းသားသမီး တစ်ဦးချင်းစီအား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မေ ၁၇ ရက်က လှည်းကူးမြို့နယ် ကြာအင်းအုပ်စု မူကြိုမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည်က ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကြီးကြပ် ဆောင်ရွက်

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနေးယာဉ်လိုင်စင်သက်တမ်း တိုးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ညွှန့်နှင့်အဖွဲ့ မေ ၁၀ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝဖဖ)

ဂရန်အင်းနှင့် ပိုက်ချက်များ ထန်းတပင်မြို့နယ်၌ လေလံတင်ရောင်းချ

ထန်းတပင် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်များ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် လေလံတင်ရောင်းချခြင်းကို ဇွန် ၂ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာ/အခွန် သစ်တောနှင့်သားငါး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးဝေက လေလံအင်းများ၊ ပိုက်ချက်များလေလံဆွဲရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးဒိုးက အင်းလေလံရရှိသူများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသည့် စည်းကမ်း အချက်အလက်များကို လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(ဝ၄၈)

ပညာသင်ထောက်ပံ့ကြေး တောင်ကုတ်မြို့နယ်၌ ပေးအပ်

တောင်ကုတ် ဇွန် ၁၂

တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂ရက် မွန်းလွဲ ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အခြေခံပညာ မူလတန်း ကျောင်းအဆင့်မှ တက္ကသိုလ်၊ ကောလိပ်အထိ ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြည်မြို့နယ်၌ ကျင်းပ

ပြည် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက်က ပြည်မြို့နယ် အောင်ချမ်းသာဘုရားကုန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများနှင့် ပြည်သူ ၅၀၀ ခန့်တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ စိန်ပန်း၊ မဲဇလီ၊ ဆီသပြေအပါအဝင် သစ်ပင်ပေါင်း ၅၀၀၀ခန့်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးရေး သန်လျင်မြို့နယ်၌ ဟောပြော

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ဘုရားကုန်းကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရီထွေးက တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောပြီး ဘုရားကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက ကျွန်းပင်များဖြန့်ဝေကာ **(အပေါ်ပုံ)** ကျေးရွာအတွင်း စုပေါင်း၍ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၄၉)**

မိုင်းဆတ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုင်းဆတ် ဇွန် ၁၂

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက်က ဝိန်းနေကျေးရွာအုပ်စု ဂေါက်ကွင်းအလွန် ရွှေဘိုဂိတ်အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်အေး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးခင်မောင်ထွေးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ကျွန်းပျိုးပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းအတိုအထွာ

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဟောပြော

ကသာ ဇွန် ၁၂

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၂ ရက် မွန်းတည့်၁၂နာရီက ကသာမြို့နယ် မိုးတားလေးကျေးရွာ အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါ်သန္တာဝင်းက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်စန်းဝေက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာများ၊ ပြစ်ဒဏ်များကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

အခွန်ပညာပေးဆွေးနွေးပွဲ ဖန်းမော်၌ ကျင်းပ

ဖန်းမော် ဇွန် ၁၂

ဖန်းမော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ပညာပေး ဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီခွဲကကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးစိုးညွှန့်က အခွန်ဆိုင်ရာမူဝါဒများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးဦးသိန်းဇော်ဦးက ဝင်ငွေခွန်နှင့်ပတ်သက်သော သိကောင်းစရာများနှင့် ဒုတိယဦးစီးမှူး ဦးမင်းဆွေက ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့်ပတ်သက်၍ ထားရှိရမည့် စာရင်းများ၊ ဝင်ငွေကြေညာလွှာ စနစ်တကျရေးသွင်းခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ဝါသီးနှံအထွက်နှုန်းမြင့်မားရေး ပညာပေးသင်တန်းဖွင့်

ကျောက်ဆည် ဇွန် ၁၂

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)က ဦးစီးကျင်းပသော ဝါသီးနှံအထွက်နှုန်းမြင့်မားစွာရရှိရေး ပညာပေးသင်တန်းကို ဇွန် ၇ရက် နံနက် ၉နာရီခွဲက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက ဝါသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် လိုက်နာရမည့် စိုက်ပျိုးနည်းစနစ်များ၊ ဝါမျိုးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊မြေဩဇာသုံးစွဲ နည်းစနစ်များနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များ စသည့် ဘာသာရပ်များကို ပို့ချဆွေးနွေးခဲ့ကြသည်။ *(မြန်မာ့အလင်း)*

ဝက်ရောဂါများအကြောင်း တောင်သာ၌ဟောပြော

တောင်သာ ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများ၊ အခြားတိရစ္ဆာန်ရောဂါများနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်မြင့်စန်းနှင့် ဒုတိယဦးစီးမှူးဒေါက်တာဌေးဝင်းတို့က ဝက်ရောဂါများနှင့် အခြားတိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ ပညာပေး ဟောပြောကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

စီမံကိန်းတာဝန်ပေးအပ်ပွဲ ပွင့်ဖြူ၌ ကျင်းပ

ပွင့်ဖြူ ဇွန် ၁၂

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ၂၀၁၁-၂၀၁၂စီမံကိန်းနှစ် သီးနှံစုံစီမံကိန်း လျာထားချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ၃၁ရက် နံနက်၉နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှဌေးက ရွှေလှေကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သန်းအားလည်းကောင်း၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဦးက မဒဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပြေသိန်းအားလည်းကောင်း စီမံကိန်းတာဝန်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူ ဒဏ်ငွေရိုက်မည် သတင်းပေးသူ ဒဏ်ကြေးတစ်ဝက် ခွဲပေးမည်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ် ၃၃ မြို့နယ်အတွင်း ပြည်သူများ စည်းကမ်းတကျဖြင့် အမှိုက်စွန့်ပစ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အမှိုက်ကန်သစ်များ တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ချွတ်ယွင်းပျက်စီးနေသည့် အမှိုက်ကန်များကိုလည်း ပြန်လည်ပြုပြင်ပေးလျက်ရှိသည်။

ထို့ကြောင့် အိမ်ထွက်အမှိုက်နှင့် မီးဖိုချောင်ထွက်အမှိုက်များကို သတ်မှတ်နေရာများတွင် မစွန့်ပစ်ပါက ငွေကျပ် ၁၀၀၀၀ ဒဏ်ရိုက်မည်ဖြစ်ပြီး သတင်းပေးပါက ယင်းဒဏ်ငွေ၏တစ်ဝက် ငွေကျပ် ၅၀၀၀ ခွဲဝေပေးမည်ဖြစ်ရာ ၎င်းစနစ်ကို မကြာမီ ကျင့်သုံး အကောင်အထည်ဖော်သွားရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ***(ဥမ္မာသန့်-သတင်းစဉ်)***

လှိုင်သာယာ-တွံ့တေး-မအူပင်ဖြတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သည့် လမ်း ၁၁လမ်းမှာ စုစုပေါင်းလမ်းမိုင်အရှည် ၅၄၁ မိုင် ၁ ဖာလုံအနက် ကတ္တရာလမ်းမိုင် ၁၂၀မိုင် ၃ဖာလုံ၊ ကျောက်လမ်း ၆၅မိုင် ၃ဖာလုံ၊ အမာခံလမ်း ၆၁မိုင် ၅ဖာလုံနှင့် မြေသားလမ်း ၂၉၃မိုင် ၆ ဖာလုံ ဖြစ်ကြောင်း၊ အဆိုပါလမ်းပေါ်ရှိ တံတားများမှာ စုစုပေါင်းလျာထားသည့် တံတား ၅၁၈စင်းရှိပြီး ယနေ့အထိ ၄၅၇စင်း ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ လက်ရှိ ၄၇စင်းမှာ တည်ဆောက်နေဆဲ တံတားများဖြစ်ပြီး တည်ဆောက်ရန် ကျန်တံတားမှာ ၁၄စင်း ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၁ရက် နံနက် ၉ နာရီက လှိုင်သာယာ - တွံ့တေး - မအူပင် ဖြတ်လမ်း ၂၈မိုင် ၂ဖာလုံအား လှိုင်သာယာ - တွံ့တေးလမ်းခွဲမှ စတင်၍ မအူပင်အထိ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကတ္တရာလမ်း ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လမ်းဘယ်/ညာရှိ လမ်းပခုံးကို အမာခံ သိပ်သည်းမှု ရရှိအောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းနှင့်ဖျာပုံ-ဘိုကလေးလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဘိုကလေး မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ဘိုကလေးဘက်ကမ်း၌ တံတားချဉ်းကပ်တိုင်များ ဆောင်ရွက်ပြီးစီးမှုနှင့် ရေလယ်တိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (အပေါ်ပုံ)

ပြီးစီးအောင်ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး လမ်း ၁၁လမ်းနှင့် တံတားများ တိုးတက်မှု အခြေအနေတို့ကို တာဝန်ရှိသူများက စနစ်တကျစစ်ဆေးတင်ပြကြရန်၊ တည်ဆောက်ဆဲ တံတားများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် တည်ဆောက်ရန် ကျန်တံတားများကိုလည်း ဆက်လက်တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဘိုကလေးမြစ်ကူးတံတားသည် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ လမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ Steel Truss and RCC Concrete ဖြစ်ပြီး ပင်မတံတားအရှည် ၃၅၅၃ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၃၀၀နှင့် အမြင့် ၃၆ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်၌ တည်ဆောက်ပြီးစီးသည့် အရှည် ၄၆၆ ပေရှိ အောက်နတ်ချောင်းတံတား တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား တံတားကြီးမကြာမီ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရန်တို့ကို မှာကြားခဲ့သည်။(သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်များနေ့

၂၀၁၁ခုနှစ် ဇွန်လ (၁၄)ရက်နေ့

"အသက်ပေါင်းများစွာ ကယ်တင်ဖို့ ဝိုင်းဝန်းသွေးလှူကြပါစို့"

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အရိပ်ကိုယ်စီနှင့် ခရီးသွားနေသူများ**
တရားတော်
ဆရာတော် အရှင်ဝီရိယ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ (အပိုင်း-၃၃)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ် (အပိုင်း-၉၁)
၈:၅၀ ဖူးလှည့်ဖို့ဖိတ်ခေါ်ပါသည်…
မန်းမန္တလာက…အိမ်တော်ရာစေတီ
၉:၀၀ ဖွဲစုံ သာသနာရာမကျောင်းတိုက်ကြီး၏ ပဗ္ဗဇ္ဇအလှူတော်မင်္ဂလာ
၉:၂၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA)၏စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ(၃/၂၀၁၁)
၉:၄၀ နေ့ထူးနေ့မြတ်မှာဆင်နွှဲ
အောင်လံမြို့မှ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၁၀:၀၀ ရန်ကုန်မြင်ကွင်းကျယ်
(GETC သင်တန်းကျောင်း၏ Summer Course Ending Ceremony)
၁၀:၂၀ The Champion of Dance
၁၀:၅၅ Celebrity Choice
(အိမ့်ချစ်)
၁၁:၂၀ မြစ်သားမြို့ ကျက်သရေဆောင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀ ဥယျာဉ်မှူးတို့ရဲ့ ပီတိအပြုံးများ
၁၂:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ်
(ကြက်ဟင်းခါးသီးပဲဟင်းနှင့် ဘဲသားကြံမဆိုင်)
၁၂:၄၀ ကွတ်ခိုင်မြို့မှ ဓာတ်တော်ရှင်ကျိုက်ထီးရိုးစေတီတော်ထီးတော်တင်မင်္ဂလာ၊ ရှင်ပြုမင်္ဂလာနှင့် ဆီမီး(၉၀၀၀) ပူဇော်ပွဲ
၁:၀၀ **အရိပ်ကိုယ်စီနှင့် ခရီးသွားနေသူများ**
တရားတော်
ဆရာတော် အရှင်ဝီရိယ
၂:၀၀ MRTV-4 သတင်း
၂:၂၀ FMF Selection
၂:၅၅ အမာရွတ်ကင်းတဲ့လှပခြင်းအတွက် Hiruscar
၃:၀၀ မင်းထက်မောင်မောင်…ဖွင့်ပြောပြီ
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ (အပိုင်း-၃၃)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ် (အပိုင်း -၉၁)
၄:၅၅ ဘီတွတ်ရွာတွင် တည်ထားပူဇော်တာဝတိံသာစေတီတော်
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV -4 သတင်း
၆:၂၀ Sunday Talk
မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ
၆:၅၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ (အပိုင်း-၃၄)
၇:၄၀ ဗီဒီယိုပြခန်း
၈:၀၀ MRTV -4 သတင်း
၈:၃၀ စကားနပန်း
ဝေဖန်တာကောင်းတယ်
မဝေဖန်တာကောင်းတယ်
၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ် (အပိုင်း-၉၂)
၁၀:၂၀ အနုပညာမိုးကောင်းကင်
၁၀:၄၀ ကြိုတင်ကာကွယ်ပါ
သွေးလွန်တုပ်ကွေးရောဂါ
(ဒေါက်တာအေးကျော်)(ဇီဝကမ္မဗေဒ)
၁၁:၀၅ **International Show Biz**
၁၁:၂၀ ရလဒ်ကောင်းများနှင့် Organic
၁၁:၃၀ ဈေးဝယ်လမ်းညွှန်
(ရွှေဝတ်မှုန်အာမခံရတနာရွှေဆိုင်)
၁၁:၅၅ **ကွက်လပ်ဖြည့်ပါ**
ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်မောင်၊
မိုးပြည့်ပြည့်မောင်၊ သဇင်
ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၁၂:၀၀ လှပသစ်ဆန်းအလှပြင်ခန်း
(Expression)
၁၂:၂၅ သတ္တုတူးသောရွာကလေး
၁၂:၃၅ မြန်မာ့လက်မှုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
၁၂:၅၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
(အရိန္ဒမာ Stationary & Fancy)
၁:၀၅ Celebrity Profile
(JustinTimberlake)
၁:၄၀ တိုးတက်စည်ဝေ
ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၂:၀၅ Shooting Location (မစန္ဒာအိမ်)
၂:၂၀ နပျိုလန်းဆန်းကျန်းမာဖို့
SG 2000 Ultrasonic Bubble Massage Bath
၂:၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ
(Universal Light)
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄:၂၅ သွေးချင်းတို့မြေ ချင်းဌာနေ
၄:၄၀ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၄:၅၅ ရွှေကျင်မြေတွင် တည်ထားပူဇော်ဆံတော်ရှင်အရှေ့မဟာ ဗုဒ္ဓဘုရားကြီး(ခေါ်)မွေတော်မွန်ဓရာဇ်စေတီတော်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် ဇွန် ၁၂

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော မြို့နယ်၊ ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဧရာဝတီတိုင်းဒေသကြီး၌ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မြို့နယ်၊ ကျောင်းများနှင့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူး ဦးခွန်ကျော်မြင့်က ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်ပထမဆုရ ဓနုဖြူမြို့နယ်၊ ဒုတိယဆုရ အင်္ဂပူမြို့နယ်နှင့် တတိယဆုရ ဇလွန်မြို့နယ်တို့ကို လည်းကောင်း၊ ကျောင်းပထမဆုရ မအူပင်မြို့နယ် ကျောင်းရွာအခြေခံပညာ အထက်တန်းကျောင်း၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် တတိယဆုရ အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ဘာသာစုံဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ရွှေတစ်ကျပ်သားဆုဆွဲပြားများကို ချီးမြှင့်ဂုဏ်ပြုသည်။

ယင်းနောက် ရွှေတစ်ကျပ်သားဆု ဆွဲပြားများ ပါဝင်လှူဒါန်းခဲ့သော လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၁၀-၂၀၁၁ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာနှင့် လေးဘာသာ ဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသားကျောင်းသူ ၅၃ ဦးတို့အား တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အနေးယာဉ်လိုင်စင်များ သက်တမ်းတိုးရေးအတွက် မေ ၂၆ ရက်က အဖွဲ့ဦးစီး အရာရှိ ဦးမျိုးဝင်း၊ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်ခင်ခင်လှတို့ ဦးဆောင်၍ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၁၂ ရက်က တပ်ကုန်းမြို့ မြဝတီရပ်ကွက် စည်ပင်လမ်း၌ ဓာတ်အားလိုင်းကာကွယ်ရေးပစ္စည်းများ တပ်ဆင်ခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထင်ကျော်ခိုင်နှင့် လိုင်းဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

13-6 (08).pmd 1 6/13/2011, 2:24 AM

လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီးဒေါ်နီနီတို့က လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀၀ ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးလက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မိသားစုများ၊ ကုမ္ပဏီအလှူရှင်များ၏ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီး ဦးအေးကြူ၊ တိုင်းဒေသကြီးစက်မှု၊ စွမ်းအင်၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ကျောင်းအုပ် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်ကုမ္ပဏီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အဖွင့်အမှာ စကားပြောကြားပြီး ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးက လှည်းကူး မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းအဆင့်မှ မူလတန်း အဆင့်အထိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာ များ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီတို့က ကျောင်းသုံးဗလာ စာအုပ် ဒါဇင် ၅၀၀၀ ကို ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက လက်ခံသည်။

ယင်းနောက် Rhino Transformer Co.,Ltd. က ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၅၀၀၀၊ YTE Co., Ltd. က ကျောင်းသုံးဗလာ စာအုပ် ဒါဇင် ၃၀၀၀၊ Gunkul Engineering Co., Ltd. က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀၊ Capatical Power Co.,Ltd. က ကျောင်းသုံးဗလာ စာအုပ် ဒါဇင် ၃၀၀၀၊ AGE Co.,Ltd. က ကျောင်းသုံးဗလာ စာအုပ် ဒါဇင် ၃၀၀၀၊ စိုးလျှပ်စစ် ကုမ္ပဏီက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀၀နှင့် Yangon Crown Co.,Ltd. က ဘောလ်ပင် ၂၀၀၀၀ နှင့် ခဲတံ ၂၀၀၀၀ တို့ကို ပေးအပ် လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် လှည်းကူးမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်က ကျေးဇူးတင်စကား ပြောကြား သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မိသားစုများ၊ ကုမ္ပဏီအလှူရှင်များ က လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ် တန်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းအဆင့်ထိ ကျောင်းပေါင်း ၁၈၉ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၃၇၈၉ ဦးအတွက် ပေးအပ်လှူဒါန်းသော ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေး ကိရိယာများ၏တန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သိန်း ၄၅၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ၊ ဘေးရန်လျှော့ထား အသင်လူသား

စွမ်းထက်စွမ်း(ကယ်ဆယ်ရေး)

၂၀၁၁ ခုနှစ် မေလ ၁၀ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်မှာ ပြုလုပ်ခဲ့တဲ့ ဘေးအန္တရာယ်လျှော့ချရေး တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲမှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ပြောကြားတဲ့ မိန့်ခွန်းအနှစ်ချုပ်ကိုကြည့်ရင် ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ တိုးတက်စေနိုင်ဖို့ ပထမအချက်အနေနဲ့ ကျွန်ုပ်တို့၏ အားထုတ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရမယ်၊ ဒုတိယအချက်အနေနဲ့ မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရမယ်၊ တတိယအချက်မှာတော့ ဘေးအန္တရာယ်ကင်းဝေးသော တိုးတက်မှုကို တည်ဆောက်ရမယ်လို့ မြင်တွေ့ရပါတယ်။ ဆိုလိုတာကတော့ တိုးတက်မှု အတွက် လုပ်ပြီဆိုတာနဲ့ ဘေးအန္တရာယ်လျှော့ချမှုကိုပါ ထည့်သွင်းစဉ်းစားပြီး ပြိုင်တူလုပ်ကြ ရမယ်၊ ပူးပေါင်းဆောင်ရွက်ကြရမယ်။ သဘာဝဘေးအန္တရာယ်လျှော့ချရေးကို အရှိန်အဟုန် မြှင့်ကြရတော့မယ်လို့ သတိပေးလိုက်တာပါ။ တစ်နည်းအားဖြင့်တော့ ပိုမိုဘေးကင်း ကောင်းမွန်တဲ့ ကမ္ဘာတစ်ခုတည်ဆောက်နိုင်ဖို့ ကမ္ဘာ့နိုင်ငံအားလုံးက ခေါင်းဆောင်တွေ တိုင်းသူပြည်သူတွေအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမယ်လို့ နှိုးဆော်တိုက်တွန်းလိုက်တာ ပါပဲ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တရားဝင်ထုတ်ပြန်ထားတဲ့ မှတ်တမ်းစာရင်းများ အရ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းသဘာဝဘေး (၃၃၅) ကြိမ်ဖြစ်ခဲ့ပြီး လူပေါင်း ၁၀၆၅၅ ဦးသေဆုံးခဲ့ရုံသာမက သဘာဝဘေးဒဏ် ခံစားရသူ ၁၁၉ သန်းကျော်ရှိခဲ့ပါတယ်။ စီးပွားရေးအရ အမေရိကန် ဒေါ်လာ ၄၁ ဒသမ ၃ ဘီလီယံအထိ ဆုံးရှုံးခဲ့ရပါတယ်။ ၂၀၁၀ ခုနှစ်မှာလည်း ကမ္ဘာအနှံ့ သဘာဝဘေးအမျိုးမျိုးခံစားခဲ့ရပြီး ထူးခြားဖြစ်စဉ်အနေနဲ့ ဟေတီငလျင်၊ အိုက်စလန်ကျွန်းမီးတောင်ပြာများလွင့်ခြင်း၊ ပါကစ္စတန်ရေဘေး၊ တရုတ် ရေဘေးနဲ့မြေပြိုခြင်းစတာတွေကို တွေ့ရပါတယ်။

ကမ္ဘာ့မှတ်တမ်းများအရ ၂၀၁၀ ခုနှစ် တစ်နှစ်လုံးမှာ သဘာဝဘေးအန္တရာယ် (၃၈၅) ကြိမ်တောင်မှ ဖြစ်တာဆိုတော့ ၂၀၀၉ ခုနှစ်ကထက် အကြိမ် (၅၀) ပိုလာတာတွေ့ရမှာပါ။ ဖြစ်ပွားတဲ့အကြိမ်များပြီဆိုတာနဲ့ သေဆုံးသူလူဦးရေကလည်း ၂၉၇၀၀၀ ကျော်ထိအောင်ကို မြင့်လာခဲ့ပါတယ်။ ဘေးဒဏ်ခံစားရသူ ၂၁၇ သန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၉ ဘီလီယံအထိ ဆုံးရှုံးခဲ့ရတာပါ။ ထိခိုက်ဆုံးရှုံးမှုတွေဟာ ကြောက်ခမန်းလိလိကို များလာတာ အထင်အရှားမြင်နေရပါပြီ။ ၂၀၁၁ ခုနှစ်မှာတော့ ဂျပန်နိုင်ငံ ငလျင်ဘေးက လူပေါင်း ၁၄၀၀၀ ကျော် သေဆုံးခဲ့ရပြန်တယ်။ အင်အားရစ်ချ်တာစကေး ၉ ရှိတယ်လေ။ အဲဒီဂျပန်ငလျင်ရဲ့ နောက်ဆက်တွဲဖြစ်တဲ့ ဖူကူရှီးမားအဏုမြူစာတ်ပေါင်းဖိုပြဿနာကိုလည်း ကိုင်တွယ်ဖြေရှင်းနေရတုန်းပါပဲ။

ဒါကြောင့် နှစ်စဉ်အောက်တိုဘာလဒုတိယပတ်ရဲ့ ဗုဒ္ဓဟူးနေ့တွေကို "အပြည်ပြည် ဆိုင်ရာ သဘာဝဘေးလျှော့ချရေးနေ့" အဖြစ်သတ်မှတ်ပြီး တစ်ကမ္ဘာလုံးက အစိုးရတွေနဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအပါအဝင် လူသားထုတစ်ရပ်လုံး သဘာဝဘေး လျှော့ချရေးနဲ့စပ်ဆိုင်တဲ့ လှုပ်ရှားမှုတွေပြုလုပ်ကြဖို့ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ကျင်းပတဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေအထွေညီလာခံကြီးက တိုက်တွန်းထားပါတယ်။ နိုင်ငံတော်အစိုးရက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ချရေးနေ့လှုပ်ရှားမှု အခမ်း အနား၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဆွေးနွေးပွဲများကို သတ်မှတ်ရက်အတိုင်း နှစ်စဉ်တက်တက်ကြွကြွ ကျင်းပလျက်ရှိပါတယ်။

ဒါကြောင့် သဘာဝဘေးနဲ့ပတ်သက်လို့ သိထားသင့်တဲ့အချက်တွေကို ပြည်သူလူထုထံ တင်ပြလိုပါတယ်။ သဘာဝဘေးဆိုတာ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေးတို့ကို ခေါ်တာပါ။ လူတွေကြောင့်ဖြစ်တဲ့ဘေးများကတော့ ယာဉ်မတော်တဆမှု၊ စက်ရုံ၊ အလုပ်ရုံ ပေါက်ကွဲမှုတို့ ပါဝင်ပါတယ်။ ကမ္ဘာပေါ်မှာဖြစ်ပွားလေ့ရှိတဲ့ ဘေးတွေမှာတော့ ရေ၊ ရာသီ ဥတုနဲ့ ဆက်နွယ်မှုကြောင့်ဖြစ်တဲ့ဘေးအဖြစ် ရေဘေး၊ ဆိုင်ကလုန်းမုန်တိုင်း၊ လေဆင် နှာမောင်း၊ မိုးသီးမုန်တိုင်း၊ အပူလှိုင်း၊ အအေးလှိုင်း၊ ဆီးနှင်းများကျရောက်မှု၊ မိုးကြိုး မုန်တိုင်းနဲ့ မိုးခေါင်ရေရှားတို့ ဖြစ်ပါတယ်။ ဘူမိဆိုင်ရာဘေးအဖြစ် မြေပြိုခြင်း၊ ရွှံ့နွံ စီးဆင်းခြင်း၊ ငလျင်နဲ့ မီးလောင်မှုတို့ ပါဝင်ပါတယ်။ ဇီဝဆိုင်ရာဘေးမှာတော့ ဇီဝဘေး အန္တရာယ်နဲ့ ကူးစက်ရောဂါ၊ ပိုးမွှားအန္တရာယ်၊ တိရစ္ဆာန်ကူးစက်ရောဂါတို့ဖြစ်ပါတယ်။ ဓာတု၊ စက်မှုနှင့် အဏုမြူအန္တရာယ်မှာတော့ ဓာတုပစ္စည်းနှင့်စက်မှုလုပ်ငန်းဆိုင်ရာ ဘေး အန္တရာယ်၊ အဏုမြူအန္တရာယ်တို့ ပါဝင်ကြပါတယ်။

သဘာဝဘေးမှာပါဝင်နေတဲ့ မတော်တဆမှုမှာတော့ လောင်စာဆီယိုဖိတ်မှု၊ အဆောက် အအုံပြိုကျမှု၊ ဗုံးပေါက်ကွဲမှု၊ လျှပ်စစ်ဆိုင်ရာအန္တရာယ်နဲ့ မီးလောင်မှု၊ ရေလမ်း၊ ကုန်းလမ်းနဲ့ မီးရထားလမ်းဆိုင်ရာ မတော်တဆမှု၊ လေ၊ သင်္ဘောနစ်မြုပ်မှုတို့ ပါဝင်ကြပါတယ်။ မြန်မာ နိုင်ငံမှာဖြစ်ပွားလေ့ရှိတဲ့ ဘေးအန္တရာယ်တွေမှာလည်း သဘာဝကြောင့်ဖြစ်တဲ့ဘေးနဲ့ လူကြောင့် ဖြစ်တဲ့ဘေးလို့ နှစ်မျိုးခွဲနိုင်ပါတယ်။ အဲဒီမှာပါဝင်တာတွေက မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ ယာဉ်မတော်တဆမှု၊ မိုးခေါင်ရေရှား၊ သောင်းကျန်းသူဘေး၊ ကပ်ရောဂါဘေးများဖြစ်ကြပါတယ်။ မှတ်တမ်းများအရ တစ်နိုင်ငံလုံး နှစ်စဉ်ဖြစ်ပွားတဲ့ ဘေးဒုက္ခတွေမှာ မီးဘေးဟာ ၇၃ ရာခိုင်နှုန်း၊ မုန်တိုင်းဘေးက ၁၂ ရာခိုင်နှုန်း၊ ရေဘေးက ၁၁ ရာခိုင်နှုန်းနဲ့ အခြားဘေးများက ၄ ရာခိုင်နှုန်းရှိနေတော့ မီးဘေး ဖြစ်ပွားမှု အများဆုံးဆိုတာ ပေါ်လွင်နေပါတယ်။

မြန်မာနိုင်ငံအတွင်း ဒေသအလိုက်ကျရောက်တတ်တဲ့ ဘေးဒုက္ခတွေထဲမှာ မီးဘေးက နေရာဒေသအနှံ့အပြား ဖြစ်နိုင်ခြေရှိပါတယ်။ အပူပိုင်းဇုန်တွေဖြစ်တဲ့ မန္တလေး၊ မကွေး၊ စစ်ကိုင်း စတဲ့ဒေသကြီးတွေနဲ့လူနေထူထပ်တဲ့ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ပိုလို့ဂရုပြုကြရပေမယ်။ ရေလွှမ်းမိုးခြင်းကျရောက်တတ်တဲ့ ဒေသတွေကတော့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်တစ်လျှောက်နဲ့ သံလွင်မြစ်ရဲ့တချို့ နေရာတွေမှာပါ။ ဘင်္ဂလား ပင်လယ်အော်နဲ့ဆက်စပ်နေတဲ့ ရခိုင်၊ မွန်၊ ရန်ကုန်၊ တနင်္သာရီ၊ ဧရာဝတီတို့မှာတော့ မုန်တိုင်းဘေးသာမက ဆူနာမီအန္တရာယ်ပါကျရောက်နိုင်ခြေရှိပါတယ်။ ငလျင်ဘေးကတော့ တနင်္သာရီတိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ကျရောက်တတ်ပါ တယ်။ မိုးခေါင်ရေရှားဘေးကျရောက်တတ်တာကတော့ အပူပိုင်းဇုန်ဒေသတွေဖြစ်တဲ့ မန္တလေး၊ မကွေး၊ စစ်ကိုင်းစတဲ့ ဒေသကြီးတွေပါ။ သတ္တုတူးဖော်ရေးလုပ်ငန်းရှိနေပြီး မြင့်မားတဲ့ တောင်ကုန်းတောင်တန်းတွေရှိတဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာတော့ မြေပြိုဘေးဆိုတာ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် အတော်နည်းပါးတယ်လို့ ဆိုရမှာပါ။

၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းသဘာဝဘေး ဖြစ်ပွားမှုဟာ နှစ်ဆကျော်ပိုများလာပါတယ်။ အဲဒီလိုများလာတာဟာ မြို့ရွာတွေ လူနေထူထပ်ခြင်း၊ သဘာဝဘေးဒဏ်ကြုံတွေ့နိုင်တဲ့နေရာတွေမှာ လူတွေနေထိုင်မှုများပြားလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း စတဲ့အကြောင်းတရားပေါင်းများစွာပါဝင်နေပါ တယ်။ ဒီလိုသဘာဝဘေးကျရောက်မှုတွေ ပိုမိုဖြစ်ပေါ်နေပြီး ပျက်စီးဆုံးရှုံးမှုတွေပိုများလာတဲ့ အတွက် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများလျှော့ကျရေးနဲ့ သဘာဝဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းတွေဟာ နိုင်ငံတစ်နိုင်ငံချင်းအလိုက်ဖြစ်စေ၊ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေ စုပေါင်းပြီးဖြစ်စေ ဆောင်ရွက်ရမယ့်လုပ်ငန်းများ ဖြစ်လာပါတယ်။

သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုတာ ဖြစ်ပေါ်လာတဲ့ သဘာဝဘေးဒဏ်ကို ကြိုတင် ပြင်ဆင်ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်တဲ့နည်းလမ်း များပဲဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများဟာ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်း၊ မြေယာအသုံးချမှုများ စနစ်တကျဆောင်ရွက်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ရာမှာ စံများသတ်မှတ်ခြင်း၊ ဘေးအန္တရာယ်အမျိုးမျိုးကိုဆန်းစစ်ခြင်းနဲ့ ကြိုတင် သတိပေးစနစ်များ ထူထောင်ထားခြင်း၊ ပြည်သူလူထုအတွင်း သဘာဝဘေးနဲ့ ပတ်သက်တဲ့ အသိပညာဖြန့်ဖြူးခြင်း၊ ပညာပေးအစီအမံများဆောင်ရွက်ခြင်းနဲ့ သဘာဝဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရန် မူဝါဒများချမှတ်ခြင်း၊ အသုံးစရိတ်သတ်မှတ်ခြင်း၊ စီမံခန့်ခွဲမှုစနစ်များထားရှိခြင်း စတာတွေ ပါဝင်ပါတယ်။

၂၀၁၀ ခုနှစ်အတွက် သဘာဝဘေးလျှော့ချရေးအဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးကချမှတ်တဲ့ အစီအစဉ်ရဲ့ဆောင်ပုဒ်အဖြစ် "ကျွန်ုပ်တို့မြို့တော်အသင့်ဖြစ်ပြီ" (My City is Getting Ready) လို့ သတ်မှတ်ခဲ့ရတာကတော့ မြို့ရွာတွေဟာ ကျေးလက်ဒေသတွေနဲ့ယှဉ်ရင် လူဦးရေများပြီး လူနေထူထပ်တာ၊ ကြံ့ခိုင်မှု အားနည်းတဲ့အထပ်မြင့်တိုက်တာတွေရှိနေတာ၊ နိုင်ငံပိုင်အဆောက်အအုံနဲ့ စီးပွားရေးလုပ်ငန်းတွေ အများအပြားရှိနေတာကြောင့် သဘာဝဘေး တစ်ခုအနေနဲ့ ကြုံပြီဆိုတာနဲ့ လူအသေအပျောက်နဲ့ ပျက်စီးဆုံးရှုံးမှုတွေများလို့ပါပဲ။

ဒါကြောင့် မြို့တော်များအနေနဲ့ သဘာဝဘေးကျရောက်ပြီဆိုရင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင်နဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးအထိရောက်ဆုံး လုပ်ဆောင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။

သုတေသနပြုချက်တွေအရလည်း မြန်မာပြည်တစ်နံတစ်လျား ငလျင်ဖြစ်နိုင်ခြေရှိတဲ့နေရာ တွေရှိနေတာမို့ နောင်များမှာအဆောက်အအုံဆောက်ရင် သဘာဝဘေးဒဏ်တစ်ခုဖြစ်တဲ့ ငလျင်ဒဏ်ခံနိုင်တဲ့အထိ ခိုင်မာမှုရှိတဲ့အဆောက်အအုံတွေဆောက်ဖို့ သတိပေးနေပါပြီ။ သဘာဝ ဘေးဆိုတာကို တားဆီးလို့မရပေမယ့် နည်းပါးအောင်လျှော့ချနိုင်ပါတယ်။ ကြိုတင်ကာကွယ် မှု၊ ပြင်ဆင်မှုတွေလုပ်ဖို့ဆိုတာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေပူးပေါင်းဆောင်ရွက်ကြရ မှာပါ။ တကယ်တော့ ကမ္ဘာ့ရွာဆိုတဲ့အတိုင်း တစ်နိုင်ငံတည်းကလုပ်လို့ မရပေဘူးပေါ့။ တစ်ကမ္ဘာလုံးလူသားတစ်ရပ်လုံး ဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။

တစ်နည်းအားဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းရမှာပါ။ စက်မှုဖွံ့ဖြိုးမှုရဲ့ ဘေးထွက် ဆိုးကျိုးတွေနည်းနိုင်သမျှ နည်းအောင်လုပ်ကြရမှာပါ။ ဒါဆိုရင် မိမိတစ်ဦးတည်း၊ တစ်နိုင်ငံ တည်းရဲ့ ကြွယ်ဝချမ်းသာမှု၊ တိုးတက်မှုကို ရှေ့တန်းမတင်ဘဲ လူသားများနဲ့ သက်ရှိ၊ သက်မဲ့ တို့အတွက်မှီခိုရန် ကမ္ဘာမြေကြီးကို ပြန်လည်စောင့်ရှောက်ပေးကြရမှာပါ။ နောက်တစ်နည်း ပြောရရင်တော့ လူသားအားလုံးရဲ့ ကိုယ်စီအတ္တတွေကို လျှော့ချမှုကို ဖြစ်တော့မှာပါ။ ဒါကတော့ ကမ္ဘာနဲ့ချီပြီး ကမ္ဘာ့နိုင်ငံပေါင်းစုံကခေါင်းဆောင်တွေ ပူးပေါင်းဆောင်ရွက်ကြရမယ့် အရေးပါ။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံဟာလည်း ကမ္ဘာ့ရွာထဲက မိသားစုဝင်နိုင်ငံ တစ် နိုင်ငံဖြစ်ပေတာမို့ နိုင်ငံတော်အဆင့်သာမက နိုင်ငံသားတိုင်းလိုက်နာရမယ့် သဘာဝ ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြိုတင် ကာကွယ်ရေးကိစ္စရပ်တွေကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေခဲ့တာပါ။

မြန်မာနိုင်ငံမှာ ၂၀၀၄ ခုနှစ် ဆူနာမီဘေး၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဘေး၊ ၂၀၁၀ ခုနှစ် ရခိုင်ပြည်နယ် ရေကြီးမြေပြိုဘေးနဲ့ ဂီရိမုန်တိုင်းဘေး၊ ၂၀၁၁ ခုနှစ် တာလေငလျင်ဘေးဆိုတာ တွေ ကြုံခဲ့ရပြီမို့ သဘာဝဘေးရဲ့ စိန်ခေါ်မှုကို လွန်ဆန်လို့မရခဲ့ပါဘူးဆိုတာထင်ရှားပါတယ်။

ဘေးဒဏ်ခံရပြီဆိုတာနဲ့ အရေးပေါ်တုံ့ပြန်မှုအတွက် ရေ၊ ရိက္ခာ၊ ဆေးဝါး၊ နေစရာ စီစဉ်ပေးရေး၊ ရှာဖွေကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေး၊ ပြန်လည် ထူထောင်ရေး၊ ရေရှည်သဘာဝဘေး လျှော့ချရေးတွေကို လုပ်ငန်းစဉ်အလိုက် စဉ်ဆက် မပြတ် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်နေဦးမှာပါ။

နိုင်ငံတော်အနေနဲ့ ၂၀၀၅ ခုနှစ်ကတည်းက အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေးဗဟိုကော်မတီဆိုတာ ဖွဲ့စည်းထားပြီးသားပါ။ ဒါ့အပြင် ဝန်ကြီးဌာနအသီးသီး က ဝန်ကြီးများဦးဆောင်တဲ့ ဆပ်ကော်မတီ (၁၀) ခုကိုလည်း ဖွဲ့ထားပါသေးတယ်။ သဘာဝ ဘေးအရွယ်အစားအလိုက် နိုင်ငံတော်အဆင့်သာမက ကျန်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် သဘာဝဘေး ကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားပါတယ်။ သဘာဝဘေးတစ်ခုဖြစ်ပြီ ဆိုတာနဲ့ နိုင်ငံတော်အပိုင်းရော ဒေသအာဏာပိုင်အပိုင်းပါပြည်သူတွေ၊ တပ်မတော်သားတွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ စေတနာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးနဲ့အတူ မည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်မျှမပါဘဲ သဘာဝဘေးကို တွန်းလှန်နိုင်ဖို့၊ ဒဏ်ရာဒဏ်ချက်တွေကို ကုစားနိုင်ဖို့သာမက ရေရှည်မှာ ကြံ့ကြံ့ခံ ကာကွယ်နိုင်ဖို့ဆိုတဲ့ ဦးတည်ချက်တွေထားပြီး ဆောင်ရွက်ခဲ့ကြတာပါ။

လက်ရှိအစိုးရလက်ထက်မှာလည်း မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေး ကော်မတီတို့ကို အသစ် ပြင်ဆင်ဖွဲ့စည်းထားပြီး အစည်းအဝေးများ ခေါ်ယူညှိနှိုင်းကာ လိုအပ်တဲ့ကော်မတီများ ထပ်မံဖွဲ့စည်းခြင်း၊ စီမံချက်များရေးဆွဲခြင်း စတာတွေကို လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။

တကယ်တော့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဆိုတဲ့ လောကကြီး သုံးပါးဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်အမှီသဟဲပြုလို့ စကြဝဠာအတွင်း တည်နေကြတယ် ဆိုတာ ဗုဒ္ဓဝါဒအရရော ခေတ်မီသိပ္ပံနည်းအရရော လက်ခံကြပြီးသားပါ။ လောကသုံးပါး တစ်ခုနဲ့တစ်ခု သစ္စာရှိကြပါမှ ရေရှည်တည်တံ့နိုင်မယ်ဆိုတဲ့အခြေအနေ တစ်ရပ်ကို ပိုင်ဆိုင်ရ မှာလေ။ ဒီနေ့ စက်မှုထွန်းကားမှုကြောင့် ဘေးထွက်ဆိုးကျိုးကတစ်ဆင့် ရိုက်ခတ်မှုတွေဟာ သတ္တလောက တစ်နည်းအားဖြင့် လူသားတွေရဲ့ သစ္စာဖောက်မှုကြီးပါ။

ပညာရှင်တွေပြောတဲ့ ကမ္ဘာကြီးကပေးနိုင်တာထက် အလွန်အကျွံသုံးစွဲမှုဒဏ်ကို ကမ္ဘာကြီးနဲ့ ဩကာသလောကကြီးက မခံနိုင်တော့ပါဘူးဆိုတဲ့အသိပေးချက်တွေကို လျစ်လျူရှု ဖို့ မသင့်တော့တဲ့အခြေအနေကို ရောက်လို့နေပါပြီ။ ဒီနေ့ကမ္ဘာလောကကြီးက တုံ့ပြန်လာမယ့် ဘေးဒဏ်အမျိုးမျိုးကို ကြံ့ကြံ့ခံနိုင်ဖို့ကတော့ ကြိုတင်ပြင်ဆင်မှုလုပ်နိုင်ပါမှ ဘေးဒုက္ခတွေကို လျှော့ချနိုင်မယ်ဆိုတာ လက်ခံရပေမယ်။ နောက်တစ်ဆင့်မှာပျက်ယွင်းသွားတဲ့ သဘာဝ ပတ်ဝန်းကျင် လောကနိယာမအစဉ်ကြီးကို ပုံမှန်အတိုင်းဖြစ်စေဖို့ လုပ်ဆောင်ကြရပါမယ်။ ဒါကိုလည်း သင်အပါအဝင်လူသားအားလုံးက ရေရှည်ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း "သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ၊ ဘေးရန်လျှော့ထား အသင်လူသား" ဆိုတဲ့ ဆောင်ပုဒ်နဲ့ တိုက်တွန်းလိုက်ပါရစေ။ ။

နောက်ဆုံးရ နိုင်ငံတကာသတင်း

ပြန်ပေးဆွဲခံထားရသော ကူဝိတ်ရေနံတင်သင်္ဘော ဆိုမာလီစားပြများ ပြန်လွှတ်ပေး

မိုးမြင့်လင်းလက် ရေးသည်

နိုင်ရိုဘီ ဇွန် ၁၂

ပြန်ပေးဆွဲခံထားရသော ကူဝိတ်ရေနံတင်သင်္ဘောတစ်စင်းနှင့် သင်္ဘောသား ၂၉ ဦးကို ဆိုမာလီ ပင်လယ်ဓားပြများက ဇွန် ၁၁ ရက်က ပြန်လွှတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ ရေကြောင်းအရာရှိများက ဇွန် ၁၂ ရက်၌ အတည်ပြုပြောကြားသည်။ **(အောက်ပုံ)**

အလံလွှင့်ထူ

၎င်းသင်္ဘောကို အေဒင်ပင်လယ်ကွေ့ အရှေ့ပိုင်း ဆာလာလက်ကျွန်း အရှေ့တောင်ဘက် ရေမိုင် ၂၅၀ခန့်၌ ပြီးခဲ့သည့် မတ်လက ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ သင်္ဘောမှာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး) အလံလွှင့်ထူထားပြီး ၎င်းနိုင်ငံ၌ မှတ်ပုံတင်ထားသည့် သင်္ဘောလည်းဖြစ်သည်။

အပိုင်စီးခံရ

ယင်းသင်္ဘောမှာ ဆူဒန်နိုင်ငံ ဘာရှာယာမြို့ ဆိပ်ကမ်းမှ စင်ကာပူနိုင်ငံသို့မောင်းနှင်လာစဉ် ပင်လယ်ဓားပြများ၏ အပိုင်စီးခံခဲ့ရခြင်းဖြစ်ပြီး သင်္ဘောပေါ်တွင် ခရိုအေးရှားတစ်ဦး၊ အီရတ်တစ်ဦး၊ ဖိလစ်ပိုင်တစ်ဦး၊ အိန္ဒိယတစ်ဦး၊ ဂျော်ဒန်သုံးဦး၊ အီဂျစ်သုံးဦး၊ ယူကရိန်းနှစ်ဦးနှင့် ပါကစ္စတန် ၁၇ ဦးတို့ လိုက်ပါခဲ့ကြသည်။ **(အင်တာနက်)**

ကိုလံဘီယာ၌ ရဟတ်ယာဉ်ပျက်ကျ ကိုးဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ဘိုဂိုတာ ဇွန် ၁၂

ကိုလံဘီယာနိုင်ငံ ကာဆာနာရီပြည်နယ် အရှေ့မြောက်ပိုင်းတွင် ဇွန် ၁၁ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ကိုလံဘီယာ ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာအမျိုးသား ရဲတပ်ဖွဲ့က ဇွန် ၁၂ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ပျက်ကျ

၎င်းရဟတ်ယာဉ်သည် တာဝန်ပြောင်းလဲထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦးကို တင်ဆောင်ကာ ဆာလီနက်စ်မြို့ လေဆိပ်မှ ပျံတက်ပြီး မကြာမီ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် တောင်တန်းဒေသ၌ ပျက်ကျခဲ့ခြင်း ဖြစ်သည်။

ပြောကြား

ဒဏ်ရာရရှိသူများကို ကာဆာနာရီပြည်နယ် ယိုပယ်လ်မြို့ ဆေးရုံသို့ တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိပြီး ရဟတ်ယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်ရှိ စူပါမားကက် တစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပက်ရှာဝါ ဇွန် ၁၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှာဝါမြို့တွင်ရှိသော စူပါမားကက်တစ်ခု၌ ဇွန် ၁၁ ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ ၃၅ ဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ဇွန် ၁၂ ရက်၌ ပြောကြားသည်။

မောင်းနှင်ဝင်ရောက်

ပထမ ဗုံးပေါက်ကွဲမှုတွင် သုံးဦးသာ ဒဏ်ရာရရှိခဲ့သော်လည်း ယင်းဖြစ်ပွားမှုနှင့် မရှေးမနှောင်း၌ အသက် ၁၇ နှစ်အရွယ် ဗုံးခွဲတိုက်ခိုက်သူ လူငယ်တစ်ဦးက ဆိုင်ကယ်၌ အလေးချိန် ၁၀ ကီလိုဂရမ်ရှိသော ဗုံးများ ချည်နှောင်ကာ ၎င်းစူပါမားကက်အတွင်း အပြင်းမောင်းနှင်ဝင်ရောက်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ရာမှ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများပြားခဲ့ရခြင်း ဖြစ်သည်။

ထိုသို့အင်အားပြင်း ဗုံးခွဲတိုက်ခိုက်မှုကြောင့် စူပါမားကက်အတွင်း ဆိုင် ၂၀ကျော် ပျက်စီးခဲ့ပြီး စူပါမားကက်ပေါ်တည်ဆောက်ထားသော နှစ်ထပ်ဟိုတယ် တစ်လုံးလည်း ပြိုကျပျက်စီးခဲ့သည်။ **(အင်တာနက်)**

ပရိသတ်အားပေးမှုအရှိဆုံး ဟောလိဝုဒ် မင်းသမီးမီဂန်ဖော့စ်

မောင်မောင်မြင့်ဆွေ ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇွန် ၁၂

ဟောလိဝုဒ်၏ လူငယ်အမျိုးသမီးသရုပ်ဆောင်များအနက် ပရိသတ်အားပေးမှုအရှိဆုံးသရုပ်ဆောင်တစ်ဦးမှာ အိုင်ယာလန်နှင့် ပြင်သစ်ကပြား အမေရိကန်နိုင်ငံသူ မီဂန်ဖော့စ်ပင်ဖြစ်သည်။ ၂၀၁၁ခုနှစ် မေလအတွက် ပရိသတ် ဆန္ဒသဘောထားများကို People မဂ္ဂဇင်းကရယူခဲ့ရာ မီဂန်ဖော့စ်မှာ လူကြိုက်အများဆုံး လူငယ်အမျိုးသမီးသရုပ်ဆောင်အဖြစ် ဖော်ပြခြင်း ခံခဲ့ရသည်။

ဟောလိဝုဒ်မင်းသမီး မီဂန်ဖော့စ်

လေ့လာဆည်းပူး

အသက် ၂၄နှစ်အရွယ်သာရှိသေးသည့် မီဂန်ဖော့စ်သည် ငါးနှစ်အရွယ်မှ စတင်ကာ အကနှင့်ဒရာမာများကို နေထိုင်ရာကင်ဆက်ပြည်နယ်ရှိ ကင်းစတန်သီပွဲ၌ လေ့လာသင်ကြားခဲ့သူဖြစ်သည်။ ထို့နောက် အသက် ၁၀နှစ်အရွယ်တွင် ဖလော်ရီဒါပြည်နယ်သို့ မိသားစုပြောင်းရွှေ့ နေထိုင်ခဲ့ပြီး မောရင်းအိုင်ဒီ အနုပညာ အကယ်ဒမီ၌ ဆက်လက်လေ့လာဆည်းပူးခဲ့သည်။

အောင်မြင်မှုရရှိ

အသက် ၁၅ နှစ်အရွယ်၌ Holiday in the Sun ရုပ်ရှင်ဇာတ်ကားတွင် စတင်ပါဝင်သရုပ်ဆောင်ခဲ့ရာ ပရိသတ်များအားပေးခြင်းခံခဲ့ရသူ ဖြစ်သည်။ ထို့နောက်ပိုင်း ရုပ်ရှင်ကားများတွင် ဆက်တိုက်ပါဝင်သရုပ်ဆောင်ခဲ့ရာ Ocean Ave၊ What I Like About You၊ Two and a Half Men၊ The Help ဇာတ်ကားများတွင် အောင်မြင်မှုများ ရရှိခဲ့သူဖြစ်သည်။

ရွေးချယ်

ထို့အတူ ရုပ်ရှင်မင်းသမီးမီဂန်ဖော့စ်သည် မော်ဒယ်အဖြစ်လည်းအောင်မြင်ခဲ့ရာ FHM၊ GQ၊ Maxim စသည့် နာမည်ကြီး မဂ္ဂဇင်းများတွင် မျက်နှာဖုံးမယ်အဖြစ် ဦးစားပေး ဖော်ပြခံရသူဖြစ်သည်။ ၂၀၀၉ ခုနှစ်အတွက် ကမ္ဘာ့အလှဆုံး အမျိုးသမီးတစ်ဦးအဖြစ် ကမ္ဘာတစ်ဝန်းမှ ပရိသတ်တစ်သန်းခန့်က သဘောထား ဆန္ဒပေးရွေးချယ်ခဲ့ကြသည်။

မီဂန်ဖော့စ်၏ အခြားအောင်မြင်ကျော်ကြားသော ရုပ်ရှင်ဇာတ်ကားများမှာ Holiday in the Sun၊ Hope & Faith နှင့် Transformers တို့ ဖြစ်သည်။ Jonah Hex ဇာတ်ကားနှင့် The Crossing ဇာတ်ကားတို့မှာ မီဂန်ဖော့စ်ကိုယ်တိုင် ထုတ်လုပ်သူအဖြစ်ပါဝင်သရုပ်ဆောင် ရိုက်ကူးထားခြင်းဖြစ်သည်။ မီဂန်ဖော့စ်သည် အမေရိကန်ရုပ်ရှင်မင်းသား ဘာရန်အော်စတင်ဂရင်းနှင့် စေ့စပ်ထားပြီး မကြာမီလက်ထပ်တော့မည်ဖြစ်ပါကြောင်း။ ***(အင်တာနက်)***

ဝက်(စ်)လေရှနိုက်ဒါ အင်တာမီလန်၌ ဆက်ကစားမည်

မြင့်မောင်စိုး-စုစည်းသည်

လန်ဒန် ဇွန် ၁၂

အင်တာမီလန်ကစားသမား ဝက်(စ်)လေရှနိုက်ဒါသည် လက်ရှိအင်တာမီလန်အသင်းတွင် ဆက်လက်ကစားရန် ဆန္ဒရှိကြောင်း အခိုင်အမာပြောဆိုလိုက်ခြင်းဖြင့် ၎င်းအပေါ် ထင်ကြေးပေးနေမှုများလည်း အဆုံးသတ်ခဲ့ရပြီ ဖြစ်သည်။ **(ယာပုံ)**

ပစ်မှတ်ထား

အသက် ၂၇နှစ်အရွယ်ရှိ ရှနိုက်ဒါအား ချယ်လ်ဆီးနှင့် မန်ယူတို့က ခေါ်ယူရန် ပစ်မှတ်ထားခဲ့သည်။ သို့သော် ၎င်းက ဆန်စီရို၌သာ ဆက်လက်နေမည်ဟု အခိုင်အမာ ပြောကြားလိုက်သည်။ နယ်သာလန်ကစားသမား ရှနိုက်ဒါသည် ၂၀၀၉ ခုနှစ် နွေရာသီက အင်တာမီလန်အသင်းသို့ ရောက်ရှိလာရာ အထူးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ၂၅ပွဲ ကစားရာတွင် လေးဂိုးသွင်းယူခဲ့သည်။ **(အင်တာနက်)**

ကလစ်ချီ အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိ



လန်ဒန် ဇွန် ၁၂

အာဆင်နယ် ကွင်းလယ်ကစားသမား ကလစ်ချီ **(ဝဲပုံ)**သည် ယခုနှစ် နွေရာသီတွင် အသင်းမှထွက်ခွာနိုင်၍ အာဆင်နယ်က စိုးရိမ်ပူပန်လျက်ရှိသည်။

ကမ်းလှမ်းထား

အသက် ၂၃ နှစ်အရွယ်ရှိ နာဆရီအား မန်ယူက ခေါ်ယူရန် ဆက်သွယ်ထားသလို ဝဲနောက်တန်းကစားသမား ကလစ်ချီကိုလည်း လီဗာပူးက ခေါ်ယူရန် ကမ်းလှမ်းထားသည်။

အာဆင်နယ်အသင်းအနေဖြင့် လက်ရှိခေါင်းဆောင် ဖာဘရီဂတ်စ်ကိုလည်း ဆက်လက်ထိန်းထားရန် အခက်အခဲနှင့်ရင်ဆိုင်နေရသည်။ အာဆင်နယ်အသင်းသည် ခြောက်နှစ်ဆက်တိုက် ဖလားလက်မဲ့ဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ကလစ်ချီသည် အာဆင်နယ်အသင်း ကွင်းလယ်၌ အထူးခြေစွမ်းပြကစားနေသော ဘောလုံးသမားတစ်ဦး ဖြစ်သည်။ **(အင်တာနက်)**

ကျေးလက်အိမ်ရာထူထောင်ရေး ရွှေတောင်၌ စီမံကိန်းတာဝန်ပေးအပ်

ရွှေတောင် ဇွန် ၁၂

ပြည်ခရိုင် ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ် ကျေးလက်အိမ်ရာထူထောင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖိုးချိုက တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးဖိုးချိုတို့က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသို့ တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ် ကျောက်ဆောက် အထက(ခွဲ) အာစရိယပူဇော်ပွဲကျင်းပမည်

မြိုင် ဇွန် ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ရွာ အထက(ခွဲ)၌ ပညာသင်ကြားခဲ့သောကျောင်းသား ကျောင်းသူဟောင်းများ၏ ငွေရတုသဘင်နှင့် ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇူလိုင် ၂၃ရက်(စနေနေ့)တွင်ကျောက်ဆောက်အထက(ခွဲ)ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၆-၂၀၁၁ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာဆရာမကြီးများအနေဖြင့် ဆက်သွယ်အကြောင်းကြားရန်နှင့်ဒေါ်ညွှန့်ညွှန့်ဆွေ ကျောင်းအုပ်ဆရာမကြီးကျောက်ဆောက်ရွာ ဖုန်း-၀၆၂-၄၀၄၂၈၊ ဦးမျိုးသန့် ပခုက္ကူမြို့ ဖုန်း-၀၉-၆၅၇၀၇၇၃၊ ဒေါ်ဝင်းမော် ဖုန်း-၀၉-၆၅၇၀၆ ၁၄၊ ဦးတင်နိုင်လတ် ဖုန်း-၀၉-၄၇၂၂၄၂၀၇ နှင့် ဦးဝင်းဇော်ဦး ဖုန်း-၀၉- ၄၇၂၂၄၇၉၉ ကျောက်ဆောက်ရွာတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၁၃၅)**

ဘိုးဘွားများအား အလှူငွေများထောက်ပံ့ပေးအပ်

ဘိုကလေး ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ ဘိုကလေးမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အလှူငွေထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းခြင်းနှင့် နံနက်စာ ကျွေးမွေးလှူဒါန်းခြင်း အခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၁ နာရီက ဘိုကလေးမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီခင်နှင့်အသင်းဝင်များက ဘိုးဘွား ၂၀ တို့အား နံနက်စာ ကျွေးမွေးလှူဒါန်းပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၀၆၅)**

မုံရွာမြို့နယ် မြို့သစ်ရပ်ကွက်ရှိ အောင်ဇေယျလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းအကြား စိန်ပန်းနီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၃ရက်က အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ လက်ထောက်အင်ဂျင်နီယာ ဦးနိုင်ဝင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန် နှိုးဆော်ချက်

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန် အောက်ဖော်ပြပါ စေတီ၊ ဂူဘုရားပုထိုး တစ်ဆူချင်း ခန့်မှန်းကုန်ကျငွေများအတွက် နဝကမ္မအလှူငွေများ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်-

စဉ်	ဘုရားအမှတ်	အမျိုးအစား	ပြုပြင်ရန်ခန့်မှန်း တန်ဖိုး ကျပ်သိန်း
၁	၁၃၈	ဂူဘုရား	၉၅ သိန်း
၂	၁၄၀	။	၁၁၂ သိန်း
၃	၂၂၈	။	၈၀ သိန်း
၄	၂၂၉	။	၈၀ သိန်း
၅	၂၉၂	ဥမင်စေတီ	၁၈၅ သိန်း
၆	၃၄၇	ဂူဘုရား	၁၅၀ သိန်း
၇	၆၆၉	။	၁၁၀ သိန်း
၈	၇၂၄	။	၈၀ သိန်း
၉	၈၅၃	။	၁၃၅ သိန်း
၁၀	၉၉၁	စေတီ	၁၃၅ သိန်း
၁၁	၁၂၇၂	။	၆၅ သိန်း
၁၂	၁၄၀၅	။	၁၆၈ သိန်း
၁၃	၁၄၀၈	။	၈၀ သိန်း
၁၄	၂၀၂၆	ဂူဘုရား	၁၁၀ သိန်း
၁၅	၂၀၈၂	။	၁၀၀ သိန်း
၁၆	၂၁၉၅	။	၁၀၀ သိန်း
၁၇	၂၁၄၂	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၁၈	၂၀၈၃	ဂူဘုရား	၈၅ သိန်း
၁၉	၂၀၅၁	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၂၀	၁၅၃၉	ဂူဘုရား	၂၀၀ သိန်း
၂၁	၁၂၇၇	။	၃၅၀ သိန်း
၂၂	၈၃၆	။	၆၅ သိန်း
၂၃	၅၉၉	။	၉၀ သိန်း

ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၂၁၄၊

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇၊

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇၊

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း-၀၆၁-၆၀၂၆၉၊

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂။

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၂

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဆင်စခန်းကျေးရွာအုပ်စု ကန်သာယာကျေးရွာ ဉာဏ်အလင်းစာကြည့်တိုက်တွင် မေ ၂၈ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက သုတ၊ ရသစာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်စာစောင် ၂၅၀ နှင့် ၂၁၆၀၀ တန်ဖိုးရှိ မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ညိုက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်

တွံတေး ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မငေး(အလယ်) ကျေးရွာအုပ်စု ထိန်ကုန်းကျေးရွာ ပညာရွှေရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီညီဇော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦး၊ မငေး (အလယ်) ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

*အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကစာအုပ်စာစောင် ၁၅၀၊ ကျေးရွာစေတနာရှင်အလှူရှင်များက သုတရသ ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)***

စာကြည့်တိုက် နှစ်ပတ်လည် အခမ်းအနားကျင်းပ

တောင်တွင်းကြီးမြို့နယ် ညောင်ပင်လှကျေးရွာ တိုးတက်ရေး စာပေရိပ်သာ စာကြည့်တိုက် ၅၇ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြွေးအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ရွှေကြာအင်း ၁ ရပ်ကွက်နေ ဦးသောင်းညွန့်နှင့် စေတနာရှင်များက စာအုပ်စာစောင်များနှင့်အလှူငွေများ ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၁၁၇)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့ အထက စာစစ်(၁)မှ ဝင်ရောက်ဖြေဆိုသူ ဆုံကုန်းကျေးရွာမှ ဦးငွေဘော်-ဒေါ်မြရင်တို့၏သား ခုံအမှတ် (မင-၃၃၇) မောင်မျိုးဇော်ထက်သည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ငါးဘာသာ ဂုဏ်ထူးများဖြင့် အောင်မြင်ပါ၍ နယ်သူနယ်သားအားလုံးကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်နိုင်စေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ဘဘ ဦးရဲနီ - ဒေါ်စန်းစန်းနွယ်

ဒေါ်ခင်မြတ်မွန်

မိသားစု၊ မော်လမြိုင်မြို့။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာအုပ်စုအတွင်းမှ သက်ကြီးရွယ်အိုများနှင့် နာမကျန်းဖြစ်နေသော အဘိုး၊ အဘွား ၂၈ ဦးတို့အား ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ကန်တော့ပွဲကို ဇွန် ၇ ရက်က ကျေးရွာခန်းမ၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမြင့်က သက်ကြီးရွယ်အိုတစ်ဦးအား ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။(မြို့နယ်ပြန်/ဆက်)

ပြည်တွင်းအားကစားသတင်း

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန် ဒုတိယအကြိမ် ဂျူဒိုလက်ရည်စစ်ပြိုင်ပွဲ ကျင်းပ

❖ သတင်းမှတ်စုနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) ❖

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၏ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိစေရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိပြီး ဒုတိယအကြိမ် ဂျူဒိုလက်ရည်စစ်ပြိုင်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

လေ့ကျင့်လျက်ရှိ

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ၂၀၁၀ ဇူလိုင်လမှစပြီး အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသားအားကစားသမား ၁၈ ဦးသည် နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီခွဲအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၅ နာရီခွဲအထိလည်းကောင်း နည်းစနစ်မှန်မှန်ဖြင့် နည်းပြ၊ အုပ်ချုပ်သူခေါက်ဦးတို့ဖြင့် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ငှက်ဖျားရောဂါတိုက်ဖျက်ရေး အသိပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် Global Fund တို့ ပူးပေါင်းကျင်းပသော ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ အသိပေးဆွေးနွေးပွဲကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာယဉ်သန္တာလွင်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဆွေဇင်ဝင်းက ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။**(တိုင်းကျန်းမာရေး)**

ညောင်ဦးမြို့နယ် သမဝါယမအသင်း အမှုဆောင်သစ်များ ရွေးချယ်ဖွဲ့စည်း

ညောင်ဦး ဇွန် ၁၂

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာ အဖွဲ့သစ် ရွေးချယ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက်က ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ခိုင်က အမှာစကားပြောကြားပြီးနောက် အသင်းသားတစ်ဦးက မြို့နယ်သမဝါယမအသင်းစု၏ ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်များရွေးချယ်ရန် အဆိုပြုလွှာကို ဖတ်ကြားတင်သွင်းသည်။

ကတိသစ္စာခံယူ

ဆက်လက်၍ ဒါရိုက်တာအဖွဲ့နှင့် အသင်းသား စာရင်းစစ်များအား အတည်ပြုကာ တာဝန်များခွဲဝေသတ်မှတ်ပြီးနောက် ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

အလယ်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းနိုင်

နေပြည်တော် ဇွန် ၁၂

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဇွန် ၁၃ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကြီးကြပ်ဆောင်ရွက်

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မေ ၁၁ ရက်က မီးဘေးသရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဥတု ရာသီ တောကိုမှီ၏

ဈေးသန့်ရှင်းရေး ကွင်းဆင်းစစ်ဆေး

ကနီ ဇွန် ၁၂

ကနီမြို့နယ်စည်ပင်သာယာရေး ဈေးအတွင်းရှိ သား၊ ငါးဆိုင်များ ယင်လုံဆန်ခါဖြင့် ရောင်းချမှု ရှိ မရှိ၊ အလေးချိန်ခွင် မှန်ကန်မှု ရှိ မရှိ၊ ဈေးနှုန်းမှန်ကန်မှု ရှိ မရှိနှင့် ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးတင့်လွင်နှင့်အဖွဲ့ မေ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
  ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာရှိ တောင်သူ ဦးဇော်မင်းထွန်း၏ အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းစပ်မျိုး(၁) နေကြာစိုက်ခင်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အထွက်တိုးစပါးမျိုးများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ဖြန့်ဖြူး ကျေးလက်တောင်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးပမ်း

နေပြည်တော် ဇွန် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ တောင်သူများအတွက် တွက်ခြေကိုက်၍ ဈေးကွက်ဝင် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေမည့် တစ်ဧက တင်း ၂၅၀ အထက် ထွက်ရှိနိုင်သော အထူးအထွက်တိုးစပါးမျိုး စမ်းသပ်စိုက်ဧက ၁ ဒသမ ၃၅ ဧက စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး အထွက်တိုးစပါးမျိုးများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တောင်သူများလက်ဝယ်သို့ စိုက်ပျိုးရာသီအမီ ဖြန့်ဖြူးပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တစ်ဧက ဝါပိဿာ ၁၀၀၀ ကျော်ထွက်ရှိမည့် မိုးကြိုချည်မျှင်ရှည်ဝါ(ငွေချည်-၆) ၃၂၄ ဧက စိုက်ပျိုးထားသည့် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာ ဝါစိုက်ခင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားဈေးကွက် အခိုင်အမာရရှိနေသည့်အတွက် ယခုထက် ပိုမိုကောင်းမွန်သည့် ဝါမျိုးကောင်းမျိုးသန့်များ ရှာဖွေဖော်ထုတ်ကြရန် မှာကြားကာ ဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆

[illegible]

ဖိလစ်ပိုင်မှ [illegible]

သတင်းမှတ်စု ➤ မောင်မောင်မြင့်ဆွေ

မနီလာ ဇွန် ၁၂

ဖိလစ်ပိုင်နိုင်ငံမှ အသက် (၁၈) နှစ်အရွယ် ဂျုန်ရေးဘာလောရင်း အမည်ရှိ လူငယ်သည် အရပ်အမြင့် ၅၉ ဒသမ ၉၃ စင်တီမီတာ (၂၃ ဒသမ ၆ လက်မ)ရှိရာ ကမ္ဘာပေါ်တွင် အရပ်အပုဆုံးအမျိုးသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဇွန် ၁၁ ရက်၌ ဖော်ပြခံရသည်။ **(အောက်ပုံ)**

အသက် (၁၈) နှစ်

ဂျုန်ရေးဘာလောရင်းကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာရို ကျွန်းရှိ ဆင်ဒန်ဂန်မြို့ ဆင်ခြေဖုံးအရပ်မှ ဆင်းရဲသောမိသားစုက မွေးဖွား ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ နေအိမ်၌ *စာမျက်နှာ ၅ ကော်လံ ၃* ❖

13-6 (20).pmd 1 6/13/2011, 2:24 AM